ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၂) ရက် ၊ တနင်္လာနေ့ ၊ (6-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၈၂)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်( ၅ )ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမြို့နယ် ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေမုယင်းဒေသအတွင်း **စာမျက်နှာ ၁၈ ကော်လံ ၁** ☞

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမြို့နယ် ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**



ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံသူ၊ နိုင်ငံသားများကို အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန်မြန်မာနိုင်ငံသား ၆၇၉ ဦးကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိမိနေအိမ်များသို့ အမြန်ပို့ဆောင်ပေးရန်နှင့် အလှမ်းဝေးသည့် နေရပ်များသို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးမည့်လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် ကြားသိရသည်။

မြန်မာနိုင်ငံမှထွက်ခွာသွားပြီး အခြားနိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ကြရာတွင် ခိုင်လုံသောအထောက်အထားမပါရှိခြင်း သို့မဟုတ် ခိုင်လုံသောအထောက်အထားမရှိတော့ခြင်း၊ လိမ်ညာသောပွဲစားနှင့် သယ်ယူပို့ဆောင်ပေးသူများကြောင့် အခက်အခဲကြုံတွေ့နေကြရသည်ကိုလည်း သိရှိကြရပေသည်။

ထိုသို့ နိုင်ငံရပ်ခြား၌ အတိဒုက္ခရောက်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန်အခက်အခဲဖြစ်ပေါ်နေခြင်းတို့ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကို အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လျက်ရှိရာတွင် ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့သို့ရောက်ရှိနေသော နေရပ်ပြန်မြန်မာနိုင်ငံသား ၆၇၉ ဦးအနက် တနင်္သာရီတိုင်းဒေသကြီးအတွင်းနေထိုင်သူ နေရပ်ပြန်များကို ကော့သောင်းမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ပို့ဆောင်ပေးနေကြောင်း တွေ့ရသည်။ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့၌ရောက်ရှိနေသော ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ နေရပ်ပြန်မြန်မာနိုင်ငံသားဦးရေ ၁၇၀ ကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ဖြင့် နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။ ၎င်းတို့အနက် မွန်ပြည်နယ်မှ ၅၂ ဦးကို ဖေဖော်ဝါရီ ၄ ရက်က မော်လမြိုင်မြို့သို့ ပို့ဆောင်ပေးခဲ့သည်။ ကျန်ရှိနေသည့်နေရပ်ပြန်များကို ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ရာ မိဘဆွေမျိုးများ၏ ပူပန်သောကတို့ပြေပျောက်ကာ ဝမ်းမြောက်ကြရမည်ဖြစ်သည်ကို တွေ့ရပေသည်။

ဝေးလံသော ရခိုင်ပြည်နယ်မှ နေရပ်ပြန် ၁၁၁ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(အနော်ရထာ)ဖြင့် စစ်တွေမြို့နှင့်ကျောက်ဖြူမြို့တို့မှတစ်ဆင့် သက်ဆိုင်ရာမြို့များအသီးသီးသို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုများနှင့်အမြန်ပြန်လည်တွေ့ဆုံနိုင်စေရန် ပို့ဆောင်ပေးမည်ဖြစ်ရာ အိမ်ပြန်ရောက်မည့်အိမ်သားတစ်ယောက်အတွက် ပူပင်သောကရောက်ခဲ့သော နေ့ရက်တို့ကုန်ဆုံးကာ နေရပ်ပြန်တို့အနေဖြင့် ဘဝကိုအသစ်တစ်ဖန် ပြန်လည်စတင်နိုင်တော့မည်ဖြစ်သည်။

စစ်ရေယာဉ်များပေါ်တွင် လိုက်ပါလာသော နေရပ်ပြန်မြန်မာနိုင်ငံသားများကို စနစ်တကျနေရာချထားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများကျွေးမွေး၍ ကိုယ်လက်လေ့ကျင့်ခန်းများဆောင်ရွက်စေခြင်း၊ ရေယာဉ်ပေါ်တွင် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ရုပ်ရှင်ပြသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်မှာ အမိမြန်မာနိုင်ငံ၏ နွေးထွေးလှိုက်လှဲသော စောင့်ရှောက်မှုကို တွေ့ရခြင်းပင်ဖြစ်သည်။

နိုင်ငံသားတစ်ယောက်အဖို့ အမိမြန်မာနိုင်ငံသည် ရေကြည်ရာ မြက်နုရာဖြစ်ပြီး ရေကြည်တသွင်သွင်စီးဆင်း၍ နိုင်ငံတစ်ဝန်း စိမ်းလန်းဖွံ့ဖြိုးနေရန်မှာ နိုင်ငံသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရမည့်တာဝန်ဖြစ်ပြီး အမိမြန်မာနိုင်ငံကို ချစ်မြတ်နိုးသောစိတ်ဖြင့် ကိုယ်စီကိုယ်င တာဝန်ကျေပွန်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၁၅၆၄ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာ ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်ဖြစ်တာကြောင့် ဝေဠုဝန် ကျောက်စိမ်းစေတီတော်ကို ဘုရားဖူးတွေ နယ်စုံဒေသကနေ လာရောက်ဖူးမြော်ကြပြီး ဘုရားဖူးဦးရေ တိုးလာပါတယ်။ လိုဏ်ဂူတော်အတွင်းကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူတော်နဲ့ ရှုခင်းကောင်းတဲ့နေရာတွေမှာ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတာကိုလဲ တွေ့ရပါတယ်။ စနေ၊ တနင်္ဂနွေတို့၊ လပြည့်၊ လကွယ်တို့ဆိုရင် ဘုရားဖူးဦးရေ ပိုများပါတယ်"ဟု ဝေဠုဝန် ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၆၁၈၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၀၈၈၄၆ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၃၈ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

## မန္တလေး ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားလာသဖြင့် ကုန်တင်၊ ကုန်ချ လုပ်သားဦးရေ ၆၀၀ ကျော် အလုပ်အကိုင်ရရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၅**

မန္တလေး ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားလာသဖြင့် ကုန်တင်၊ ကုန်ချ လုပ်သားဦးရေ ၆၀၀ ကျော် အလုပ်အကိုင်ရရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ချော်ဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်စသည့်မြို့များသို့ ဆန်၊ ပဲ၊ ပြောင်း၊ ငါးပိ၊ ငါးခြောက် အပါအဝင် အခြားကုန်စည်အမျိုးမျိုးကို တင်ပို့လျက်ရှိကြောင်း၊ ချော်ဆိပ်ကမ်းတွင် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ကုန်စည်ရရှိမှုများပြားလာသဖြင့် ကုန်တင်၊ ကုန်ချလုပ်သားဦးရေပါ များပြားလာကြောင်း သိရသည်။

"အခု ချော်ဆိပ်ကမ်းကနေ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်စတဲ့မြို့တွေကို ဆန်နဲ့အဝတ်အထည်တင်ပို့မှုကတော့ လတ်တလော အများဆုံးပါ။ ချော်ဆိပ်ကမ်းကနေ အရင်က ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက် စတဲ့ကုန်စည်တွေကို တင်ပို့တဲ့ ကုန်တင်သင်္ဘော အစီးရေ ၈၀ ကျော်ပဲရှိခဲ့တယ်။ အခုလက်ရှိ အဲဒီကုန်စည်တွေကို တင်ပို့တဲ့ ကုန်တင်သင်္ဘောအစီးရေ ၁၀၀ ကျော်ထိ ရှိလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ချော်ဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်စသည့်မြို့များသို့ တင်ပို့မည့် ကုန်စည်ရရှိမှုမှာ ဇန်နဝါရီလ နောက်ဆုံးပတ်က အနည်းငယ်သာရှိသောကြောင့် ကုန်တင်၊ကုန်ချလုပ်သားဦးရေ ၂၀၀ ကျော်သာ အလုပ် လုပ်ကိုင်ခဲ့ရသော်လည်း ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ကုန်စည်ရရှိမှု များပြားလာသဖြင့် ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၆၀၀ ကျော်ထိ အလုပ်အကိုင်ရရှိလာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

## ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေး အကျဘက်သို့ရောက်ရှိ ပြည်တွင်းရွှေဈေး အနည်းငယ် မြင့်တက်လာ

**မန္တလေး ဖေဖော်ဝါရီ ၅**

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးကွက်၌ ဈေးနှုန်းအကျဘက်သို့ ပြန်လည်ရောက်ရှိခဲ့သော်လည်း ပြည်တွင်းရွှေဈေးကွက်တွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ပြည်တွင်းရွှေဈေးကွက်တွင် အရောင်းအဝယ်မှာလည်း ပုံမှန်အခြေအနေသာရှိနေကြောင်း သိရသည်။

"အခုတစ်ပတ်ထဲ ပြည်တွင်းရွှေဈေးကွက်မှာ ဈေးတက်လာတယ်လို့ သုံးသပ်ရမှာပါ။ ကမ္ဘာ့ရွှေဈေးကတော့ အလှုပ်အခတ်ကြမ်းခဲ့ပြီး အဖွင့်ဈေးတန်းထက် အတက်ဘက်မှာ ရှိခဲ့ရာကနေ အကျဈေးတန်းနဲ့ ပိတ်ခဲ့ပေမဲ့ ပြည်တွင်းရွှေဈေးနှုန်းက ပြန်တက်လာတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်လေးသွားနေဆဲပါပဲ"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးကွက်၌ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၇ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၉၅၁ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၈၄ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၈၆၅ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၉ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၈ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၉၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၀၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၈ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၉၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၅ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၀၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။



## စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့်အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှား

တိုင်းရင်းသားအချင်းချင်းရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကိုအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့်အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံတော်၏အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီး ရှေ့သို့လှမ်းချီပန်းတိုင်ဆီ(Keep Moving Forward to Achieve Our Goal)ဆိုသည့်ဆောင်ပုဒ်ကို လက်တွဲညီညီအကောင်အထည်ဖော်သွားပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသိရိသုဓမ္မမင်းအောင်လှိုင်
(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်
၄-၁-၂၀၂၃

# နိုင်ငံပေါင်း ၄၀ ကျော်သို့ ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၅၅ သန်းရရှိထား

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပုစွန်တင်ပို့လျက်ရှိရာ ယခု ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ယခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ၁၀ လတာကာလအတွင်း ပုစွန် ၁၃၂၆၀ ဒသမ ၃၂၉ တန် တင်ပို့နိုင်မှုမှ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၅၅ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။



ထိုသို့ ရေထွက်ကုန်ပုစွန်တင်ပို့ရာတွင် ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် ဩစတြေးလျနိုင်ငံတို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှု တိုးတက်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီလကနေ အခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ၁၀ လတာကာလအတွင်းမှာ ပြည်ပကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းကနေ ပုစွန် ၁၂၂၆၈ ဒသမ ၃၆၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၂၅၇ သန်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းကနေ ပုစွန် ၉၉၁ ဒသမ ၉၆၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၉၈ သန်းရရှိခဲ့တဲ့အတွက် စုစုပေါင်းပုစွန် ၁၃၂၆၀ ဒသမ ၃၂၉ တန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၅၅ သန်းရရှိခဲ့ပါတယ်။ ပြည်ပကို ပုစွန်တင်ပို့ရာမှာ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေသာမက နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေလဲ တင်ပို့နေတာဖြစ်ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြသည်။

ရေထွက်ကုန်တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထားပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်များပြည့်မီရေးကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

ASH

# သံတောင်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘော်တောကျေးရွာနှင့် ကျောက်ဖျာကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီက သဘော်တောကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သဘော်တောကျေးရွာနှင့် ကျောက်ဖျာကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သူသူ

# မိုင်းယောင်းမြို့နယ် ဝမ်တွီကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းဖွင့်လှစ်

**မိုင်းယောင်း ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်တွီကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများက ရွက်ဖျန်းသဘာဝမြေဩဇာများ၊ မွေးမြူရေးအထောက်အကူပြုပစ္စည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းကို မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက အပင်များ၌ ကျရောက်တတ်သော ပိုးမွှားအန္တရာယ်နှင့် စိုက်ခင်းများအတွင်း ကြွက်ကာကွယ်နှိမ်နင်းရေးနည်းလမ်းကောင်းများ၊ နေကြာစိုက်ပျိုးမှုနည်းလမ်းများ၊ တိရစ္ဆာန်များတွင် ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများ၊ ကာကွယ်ရမည့်နည်းလမ်း စသည့်သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဖေဖော်ဝါရီ ၄ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်ထိ ၁၅ ရက်ကြာအခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစံလင်းက ပြောပြ၍ သိရသည်။

ရျမ်ဦးကို



# ကျေးဇူးတရား

## ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

တကယ်သာ စာဖတ်သူဟာ အရွယ်ရောက်ခဲ့ပြီးသား လူတစ်ယောက်ဆိုရင် ကိုယ်နှစ်သက်ခင်မင်တဲ့ မိတ်ဆွေအဖော်အပေါင်းတွေနဲ့ တရင်းတနှီးထိတွေ့နေထိုင်ရတဲ့ဘဝဆိုတာ ပျော်ရွှင်သာယာ စိတ်ချမ်းသာစရာ အကောင်းဆုံးအခြေအနေပဲလို့ပြောရင် ခံစားနားလည်မှာပါ။ ဟုတ်တာပေါ့၊ သေချာတာပေါ့လို့ ထောက်ခံကြမှာပါ။

စာရေးသူရဲ့ဘဝမှာ ကိုယ်လေးစားတန်ဖိုးထားတဲ့ ချစ်ခင်တဲ့ မိတ်ဆွေတွေနဲ့ နေ့ပေါင်းရက်ပေါင်းများစွာ၊ လပေါင်းနှစ်ပေါင်းများစွာ အတူတကွ ရင်းရင်းနှီးနှီး နေခွင့်ရခဲ့တယ်ဆိုရင် မမှားပါဘူး။ ချစ်ရတဲ့ မိတ်ဆွေတွေကတော့ ကျွန်တော်ရွေးချယ်ပေါင်းတဲ့ သူတွေပါ။ လူချည်းတော့လည်း မဟုတ်ပါဘူး။ သူတို့ရေးခဲ့တဲ့ လက်ရာစာအုပ်တွေပါ။ ကျွန်တော်က စာရူးပေရူးဆိုတော့ ဘဝတစ်လျှောက်လုံး အချိန်ရသမျှ စာအုပ်တွေနဲ့ပဲ ပျော်ပိုက်ခဲ့မိပါတယ်။ ကိုယ်နဲ့အံမကိုက်လို့ မကြိုက်တဲ့စာအုပ်ဆို မဖတ်ဘူးလေ။ ကိုယ်နဲ့စိတ်သဘောထားတိုက်ဆိုင်တာ များများပါလောက်ရင် ဖတ်ဖြစ်တယ်ပေါ့။ အသက်အရွယ်လိုက်လို့ အကြိုက်နဲ့ရွေးချယ်တာ၊ ရွေ့လျားပြောင်းလဲလာတာတော့လည်း သဘာဝအလျောက်ရှိတော့ရှိတာပေါ့။ ဟာသဝတ္ထု၊ စွန့်စားခန်းဝတ္ထု၊ အထူးအဆန်းဝတ္ထု၊ အချစ်ဝတ္ထုတွေ ဖတ်လာခဲ့ရာက ဘာသာရပ်ဆိုင်ရာ၊ လူမှုရေးရာ၊ သမိုင်းဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ၊ နိုင်ငံရေးဝါဒဆိုင်ရာ၊ ပုဂ္ဂိုလ်အတ္ထုပ္ပတ္တိဆိုင်ရာ၊ ပထဝီနိုင်ငံရေးဗဟုသုတတွေ ပိုမိုနှစ်သက်လေ့လာခဲ့တာရှိပါတယ်။ အာရုံပြောင်းလဲလာမိတာဝန်ခံရမှာပဲ။ ဘာပဲဖြစ်ဖြစ် စုံထောက်ဝတ္ထု၊ သူလျှိုဝတ္ထု၊ စွန့်စားခန်းနဲ့ လျှို့ဝှက်သည်းဖို၊ ထောက်လှမ်းရေးအကြောင်းအရာတွေကိုတော့ ငယ်ငယ်တုန်းကလည်း ကြိုက်ခဲ့စွဲခဲ့တယ်။ ယနေ့အချိန်ရောက်လာတော့လည်း နှစ်သက်သဘောကျနေဆဲပါပဲ။

ဖတ်ရင် တစ်ရက်တစ်အုပ်၊ စာအုပ်ထူထူ စာမျက်နှာ ၅၀၀ ကျော်လောက်ဆိုရင်တော့ နှစ်ရက်၊ သုံးရက်ပေါ့။ မိမိဟာ စာဖတ်နှေးသူလည်းမဟုတ်၊ စာဖတ်မြန်သူလည်း မဟုတ်ပါ။ စာပေကို အရသာခံပြီး မှန်မှန်ဖတ်လေ့ရှိပါတယ်။ ခရီးသွားရင်လည်း ဖတ်နေဆဲစာအုပ် တစ်အုပ်၊ နှစ်အုပ်တော့ ယူသွားတတ်တယ်။ ဘဝမှာ စာအုပ်တွေက အဖော်မွန်ပါပဲ။ မိသားစုလိုပဲ ရင်းနှီးချစ်ခင်ပါတယ်။

**စာအုပ်**

လတ်တလော စာရေးသူဖတ်ခဲ့မိတဲ့စာအုပ်နဲ့ ဖတ်ရှုနေဆဲစာအုပ် လေးအုပ်၊ ငါးအုပ်၊ ခြောက်အုပ်ကို အလွယ်တကူစားပွဲပေါ်မှာ ရှိနေလို့ အမည်ပါ ဖော်ပြလိုက်မယ်နော်-

၁။ **ရှားလော့ဟုမ်း၏** နောက်ဆုံးစွန့်စားခန်းအသစ်များ။ မောင်ထွန်းသူ(ဘာသာပြန်) ၂၆ ပုဒ် ပါဝင်တယ်။

၂။ **မော့ဆက်(၂)။** အင်တက်ဘီစဆရာ၊ ဘေဘီလုံစဆရာ စသော ၁၉၇၃ ခုနှစ်နောက်ပိုင်း အစ္စရေးထလရဖြစ်ရပ်များ။ တင်နွယ်မောင် (ဘာသာပြန်) ငါးပိုင်းပါဝင်တယ်။

၃။ **သူလျှိုဖမ်းသူ။** ဒုတိယဗိုလ်မှူးကြီး အိုရက်စတီပင်တိုရဲ့ဖြစ်ရပ် ငါးပုဒ် မြသန်းတင့် (ဘာသာပြန်)၂၀၂၂ ခုနှစ်၊ ပထမအကြိမ်။

၄။ **သူလျှိုဖမ်းတဲ့သူလျှို။** ဒုတိယဗိုလ်မှူးကြီး အိုရက်စတီပင်တိုရဲ့ ဖြစ်ရပ်မှန် ရှစ်ပုဒ်၊ ဒုတိယအကြိမ်၊ (ဘာသာပြန်)ဘသန်း(ဓမ္မိက)၊ ၁၉၇၆ ခုနှစ် ပထမအကြိမ်ထုတ်ခဲ့။ (စာအုပ်နာမည်နှင့် မူရင်းရေးသူတူပေမယ့် အတွဲမတူတဲ့ စာအုပ် နှစ်အုပ်ကို ဗိုလ်မှူးကြီးဘသန်းနှင့် ဆရာကြီး မြသန်းတင့်တို့က ဘာသာပြန်ခဲ့ကြခြင်းပါ။ အကြောင်းအရာတွေကွဲပါတယ်။)

၅။ **စီးပွားဖျက်သူလျှို။** John Perkin ကိုယ်တိုင်သူလျှိုလုပ်ခဲ့သူတစ်ယောက်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ်။ နေဇင်လတ်(ဘာသာပြန်)၊ ၂၀၂၂ ခုနှစ်၊ ပထမအကြိမ်။

၆။ **ဒေါက်တာဟင်နရီလီ** ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန်မှုခင်းများ၊ နိုင်းနိုင်းစနေ(ဘာသာပြန်)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်။

**ဗဟုသုတ**

ဒီစာအုပ်တွေဖတ်လို့ကောင်းတယ်၊ ဖတ်ဖို့ရာကောင်းတယ်လို့ ကြော်ငြာတာမဟုတ်ဘူးနော်။ စာအုပ်တစ်အုပ်ကောင်းတယ်၊ မကောင်းဘူးဆိုတာက စာဖတ်သူရဲ့ ဉာဏ်ရည်အဆင့်၊ အတွေ့အကြုံ၊ အထုံဝါသနာ၊ အသက်အရွယ်၊ ကိုယ်ကျင်လည်ရတဲ့ ပတ်ဝန်းကျင်၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် စတဲ့ လူပုဂ္ဂိုလ်




အလိုက် အကြိုက်စရိုက်အရ စာအုပ်တန်ဖိုးကို အကဲဖြတ်ချင်းမတူညီနိုင်ကြပါဘူး။ ဒါကြောင့် မိမိဖတ်တဲ့စာအုပ်တိုင်းကို မညွှန်းဆိုပါ။ ယေဘုယျအနေနဲ့တော့ ဗဟုသုတအကြားအမြင်ကျယ်ရအောင် စာများများဖတ်ကြဖို့ရာကိုသာ အဆက်မပြတ်မေတ္တာရပ်ခံတိုက်တွန်းနေမိပါတယ်။ စာမဖတ်ဘဲ လူရာဝင်ချင်လို့တော့ မရတာအမှန်ပဲ။ စာများများဖတ်သူက စာမဖတ်သူတွေထက် ကောင်းချင်ကောင်းမယ်၊ ဆိုးချင်ဆိုးမယ် ရှေ့ကိုကြိုတင်ပိုမြင်နိုင်စွမ်းရှိတာကတော့ သိသာတယ်။ စာကောင်းပေကောင်းတွေရွေးဖတ်ပြီး စာအုပ်ထဲက နည်းနာယူစရာတွေအတိုင်း လိုက်နာကျင့်သုံးရာမှာ ကိုယ်ကျင့်သီလ စာရိတ္တပါ ကောင်းမွန်အောင် တကယ်အသုံးချတဲ့ ပုဂ္ဂိုလ်တွေဆိုရင်တော့ တော်လည်းတော်၊ ကောင်းလည်းကောင်း၊ သူ့ကိုရပ်ရေးရွာရေးမှာတိုင်ပင်ဆွေးနွေးရင် အကျိုးရှိမယ့် အကြံကောင်းဉာဏ်ကောင်းတွေ ရပေမှာပေါ့။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေအတွက်က အလိမ္မာစာမှာရှိသည်ဆိုတဲ့ ဆိုရိုးစကားက မှန်တာပေါ့။

**ပုံတူမကူးရ**

စာအုပ်ထဲက စာတွေကို တစ်သဝေမတိမ်းအခြေအနေကို မစဉ်းစားမချင့်ချိန်ဘဲ မိတ္တူဆွဲ၊ ပုံတူကူးချတဲ့နည်းကလည်း လက်တွေ့ဘဝမှာ အံချော်ကြတာအများကြီးပဲ။ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး နေရာတကာမှာ သမိုင်းတစ်လျှောက် သင်ခန်းစာတွေ အများကြီးရခဲ့ပြီးပါပြီ။ ဒီမိုကရေစီဆို ဒီမိုကရေစီပဲ။ ဒီမိုကရေစီဆိုတာ ဘယ်နှစ်မျိုးရှိလေသလဲ။ ဘာမှမသိဘဲ ဒီမိုဆိုပြီးရော၊ ခရေဇီတွေ ဖြစ်နေခဲ့ကြတဲ့ ရောယောင်နောက်လိုက်၊ စွတ်စက်ရှေ့ဆက်၊ တကယ့်ပကတိလုပ်ရပ်တွေက ဒီမိုကရေစီရဲ့ အနှစ်သာရသဘောဖြစ်တဲ့ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေရဲ့ဆန္ဒနဲ့ကိုက်ညီတာတွေကို ပြည်သူရွေးချယ်လိုက်တဲ့သူတွေက ပြည်သူကို ကိုယ်စားပြုစီမံခန့်ခွဲတဲ့ စနစ်မဟုတ်လား။

ဝါဒမဟုတ်ဘူး။ စနစ်ဖြစ်ပါတယ်။

တစ်ပါတီမဟုတ်ရဘူးနော်။ တစ်ဦးကောင်း တစ်ယောက်ကောင်း တစ်ပါတီ အာဏာရှင်စနစ်မဖြစ်ရဘူးနော်။ ဒီမိုကရေစီက ပြည်သူရဲ့အကျိုးစီးပွားအတွက် အဓိကဦးထိပ်ထားပြီး ပြည်သူတွေရဲ့ လွတ်လပ်တဲ့ သဘောထား အယူအဆတွေ(မတူတာရှိလည်း ရန်မလုပ်ရဘူး)။ အများဆန္ဒကို အနည်းစုက လိုက်လျောရတယ်။ မေတ္တာမပျက်ပါဘူး။ အများစုဆန္ဒထောက်ခံမှုရတဲ့ အုပ်စုက လူနည်းစုကို ဗိုလ်မကျရဘူး။ အနိုင်မကျင့်ရဘူး။ တရားလက်လွတ် မပိန်ပ်ရဘူး။ သတ်တာဖြတ်တာ၊ မိုင်းထောင်၊ ဗုံးခွဲ၊ မီးရှို့တာတော့ဝေးရော။

ငါတို့လိုချင်တဲ့ ဒီမိုကရေစီစနစ်ကို အခုတော့ ငါတို့ကိုယ်တိုင် ရန်သူအဖြစ်နဲ့ ဖျက်ဆီးမီးတိုက်၊ ပြည်သူတွေ ဆင်းရဲမွဲတေ၊ အတိဒုက္ခရောက်အောင် လက်နက်ကိုင်အနိုင်ကျင့်ပြီး ရက်ရက်စက်စက် မွှေနှောက်နေမိပြီလား။

စာတော့ဖတ်ချင်ဖတ်မယ်။ ဒီမိုကရေစီစနစ်က တော်တော်ကောင်းတာပဲ ပြောချင်ပြောခဲ့မယ်။ တကယ့်တကယ် လက်တွေ့မှာတော့ ဒီမိုကရေစီစနစ်အရ မဖြစ်မနေပြုလုပ်ရတဲ့ အထွေထွေရွေးကောက်ပွဲကိုတောင် မဖြစ်မနေမပျက်ပျက်အောင် ဖျက်ဆီးမယ်တဲ့။ ကောင်းကြသေးရဲ့လား။

**မမိုက်သင့်ပေ**

စာပေထဲမှာ အသိအလိမ္မာရှိပေမယ့် စာဖတ်ပြီးသိတယ်ဆိုစေဦး၊ ခါးတောင်းကျိုက်တခြား တင်ပါးတခြားလုပ်ရင် သမိုင်းက အမှားသင်ခန်းစာပေးတာခံကြရပေလိမ့်မယ်။ စာဖတ်ပြီး မသိရင်လည်းလွဲတာပဲ။

ဘာစာမှမဖတ်၊ ဘာဗဟုသုတမှမရှိ၊ ဘယ်သွားမိလို့ ဘယ်ခရီးပေါက်ပြီး ဘယ်အရပ်ရောက်မှာမှန်းလည်း မသိ။ မိုက်မှားသူတွေကတော့ မှားပုံပိုဆိုးတာပေါ့။

မသိမှုကြောင့် ရွေးချယ်မှု လွဲမှားခဲ့တတ်တယ်။

အမှားလမ်းကြောင်းကို မဝေခွဲတတ်လို့ စွဲမက်လိုက်ပါသွားမိတတ်တယ်။ အချိန်မနှောင်းခင် မြုပြင်နိုင်ဖို့ရာ တတ်နိုင်သမျှ အချိန်ပေးပြီး စိတ်ရှည်လက်ရှည် စောင့်မျှော်ကြိုဆိုဖိတ်ခေါ်ခဲ့ပါတယ်။

**အရွယ်ရဲ့ကောင်းခြင်း**

အသက်အရွယ်နုနယ်ခြင်းက ခွန်အားသန်မာတောင့်တင်းသလို စိတ်ဓာတ်မြင့်မားထက်သန်ပြီး ကိုယ်လုပ်ရင် ဟန်ကျမှာပဲ။ ဘာလုပ်လုပ် အောင်မြင်မယ် ထင်မိတတ်တယ်။ စွန့်စားချင်တယ်။ သူ့ရဲ့ကောင်းလို့ အထင်ခံချင်တယ်။ အများထဲမှာ ထူးခြားပေါ်လွင်ချင်တယ်။ ကိုယ်စွမ်းပြချင်တယ်။ လူငယ်ရဲ့သဘောသဘာဝတွေပေါ့။ ဒါက အပြစ်မဟုတ်။ မသိမမြင်ဘဲ စမ်းတဝါးဝါးလမ်းမှားမိရင်လည်း လွဲတတ်တာက လောက သဘာဝပါပဲ။

ဘာပဲဖြစ်ဖြစ် အချိန်အတိုင်းအတာနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားထိပါးနစ်နာမှု အတိုင်းအဆကိုတော့ ချင့်ချိန်ကြရပေလိမ့်မယ်။ သားအရွယ်၊ သမီးအရွယ်၊ လူငယ်တွေပဲလေ။ မလိမ္မာလို့ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်သည်းခံကြရမှာပေါ့ ဆိုပေမယ့် အကြိမ်ကြိမ်အခါခါ ဆိုးရွားမိုက်ကန်းလာရင်တော့ သူလမ်းသူသွားပါစေတော့။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးတာကို ဘယ်သူမှမကယ်နိုင်ဘူးနော်။ ဘဝဆိုတာအပျော်သဘောလုပ်လို့မရ။ အပျော်လုပ်တာများသွားရင် အပျက်ဖြစ်သွားတတ်တယ်လေ။ တော်သင့်တဲ့အချိန်မှာ အမှားလား၊ အမှန်လား ကိုယ်တိုင်ခွဲခြားသိကြရမယ့်အချိန်ကို ရောက်နေခဲ့ပါပြီ။

**မှားခဲ့ဖူးတာပဲ**

ဩော်. . . ဒီလိုပြောနေတဲ့ စာရေးသူ နုပျိုငယ်ရွယ်စဉ်တုန်းကတော့ ဒီလိုနားယောင်စေတဲ့ ဆွဲဆောင်မှုတွေ မခံခဲ့ရဖူးဘူးလား။ ဘယ်လိုရင်ဆိုင်ခဲ့သလဲ။ ဘယ်ပုံဘယ်နည်း ဖြတ်သန်းခဲ့သလဲ။

လမ်းလွဲတွေကို ဆွဲခေါ်နေတဲ့ ဆွဲဆောင်မှုတွေ တွေ့ကြုံခဲ့ရတာပါပဲ။ ပြီးခဲ့ပြီးသား အတိတ်ကားချပ်တွေမှာ သူတစ်ပါးရဲ့ အမှားအယွင်း၊ ချွတ်ယွင်းချက်၊ ချို့တဲ့မှုတွေကို အပြစ်တင်တဲ့သဘောနဲ့ ဘာမှမဖော်ပြ မပြောဆိုလိုပါ။ စာရေးသူရဲ့ ကိုယ်ခံအားရရှိစေခဲ့တာကတော့ စာသမားဆိုပေမယ့် စာကိုစုံအောင်ဖတ်တယ်။ နယ်ပယ်ကျယ်ပြန့်အောင် ဖတ်ပါတယ်။ အမေရိကန်သံရုံးကထုတ်တဲ့ မဂ္ဂဇင်းတွေ၊ စာစောင်တွေလည်းဖတ်တယ်။ ပီကင်းတို့၊ မော်စကိုတို့မှ ဈေးချိုချိုနဲ့ ဝယ်လို့ရတဲ့ စာအုပ်မျိုးစုံကိုလည်း ငှားလို့ရနိုင်သမျှ ငှား၊ ဝယ်လို့ရနိုင်တာဝယ်။ လေ့လာဆည်းပူးတယ်။ ပြည်တွင်းက စာရေးဆရာတွေကိုလည်း အုပ်စုမခွဲဘူး။ အလံနီသခင်စိုးအုပ်စုဘက်က ဆရာအောင်လင်းတို့၊ ဆရာမောင်ကိုယုတို့ စသဖြင့် လက်ဝဲစာရေးဆရာတွေရေးသမျှလည်း ဖတ်တာပဲ။ ဗမာပြည်ကွန်မြူနစ်ပါတီဘက်က လက်ဝဲဆွဲဆောင်မှုပါတဲ့ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ မောင်စူးစမ်း၊ အံ့မောင်၊ လူထုစိန်ဝင်း စတဲ့ ဆရာသမားတွေရဲ့ စာတွေကိုလည်း မလွတ်တမ်းဖတ်တယ်၊ မှတ်တယ်။

ကြိုက်တာလည်းရှိမယ်။ မကြိုက်တာလည်း ရှိချင်ရှိမယ်။ သူတို့ရေးသမျှ အကုန်လုံးမှန်ကန်တာဖြစ်ရမယ်လို့တော့ တရားသေမစွဲယူဘူး။ ချင့်ချိန်သုံးသပ်ဝေခွဲပြီးမှ လက်ခံသင့်တာ လက်ခံမယ်။

**မျှမျှတတမြင်ရ**

ဆရာသိန်းဖေမြင့်၊ သခင်တင်မြ၊ မောင်ချစ်လှိုင် (ကိုကိုမောင်ကြီး) စတဲ့ ဆရာတွေကိုလည်း အလားတူချစ်ခင်လေးစားပါတယ်။ တင့်တယ်၊ တက်တိုး၊ သာခု၊ ညိုမြ အစရှိတဲ့ဆရာတွေကိုလည်း တစ်အုပ်မကျန်ရှာဖွေပြီးဖတ်တာပဲ။ ကောင်းတာတွေ ရေးနိုင်လို့ စာဖတ်ပရိသတ်က အသိအမှတ်ပြုခဲ့ကြတာလေ။ အနီးအဝေး၊ အနိမ့်အမြင့်တွေ အချိန်ကာလနဲ့အမျှ ဖြစ်ပေါ်ပြောင်းလဲသွားတာရှိကောင်းရှိမယ်။ အိမ်ဦးခန်းမှာ ရှိရှိသေသေ ဦးထိပ်ထားပါတယ်။

မိမိအထက်တန်းကျောင်းသားဘဝမှာ စာရေးဆရာဗိုလ်မြင့် ဘာသာပြန်ခဲ့တဲ့ **ဗိုင်း**စာအုပ်အတွဲဟာ စိတ်ထဲမှာ တော်တော်စွဲခဲ့တယ်။ **ဗိုင်းအမှတ်(၁)**မှသည် **အမှတ်(၆)**ထိ သဲသဲမဲမဲ စိတ်ဝင်တစားဖတ်ခဲ့ရတာ သတိရတယ်။ ထမင်းမေ့ ဟင်းမေ့ဖတ်တယ်။ ညဉ့်နက်သန်းခေါင်ထိ လက်ကမချနိုင်ဘဲ ဖတ်ခဲ့တယ်။ ဖြစ်ရပ်မှန် သူလျှိုဇာတ်လမ်းအမျိုးမျိုးပါ။ ဖြစ်ရပ်မှန် ဘာသာပြန်တွေ။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံဧက ၂၅၆၂၀ စိုက်ပျိုးပြီးစီး

**ဝက်လက် ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံဧက ၂၅၆၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံလျာထား ၂၄၅၅၇ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဂျုံသီးနှံဧက ၂၅၆၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဂျုံသီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဂျုံသီးနှံ ၂၄၅၅၇ ဧက စိုက်ပျိုးဖို့လျာထားတာ အခုလက်ရှိမှာတော့ ဧက ၂၅၆၂၀ စိုက်ပျိုးနိုင်ခဲ့တယ်။ ဂျုံသီးနှံစိုက်ပျိုးမှုကတော့ လျာထားချက်ထက် ပိုပြီးစိုက်ပျိုးနိုင်ခဲ့တာပါ။ ဂျုံဈေးကွက်ရှိလာတာကြောင့် တောင်သူတွေက တိုးချဲ့စိုက်ပျိုးလာတယ်။ နောက်တစ်ခါ သီးနှံအလှည့်အပြောင်း အနေနဲ့လဲ ပြောင်းစိုက်ကြတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို အသိပညာပေးဆွေးနွေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧကလျှင် ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်တွင် ဂျုံသီးနှံ ၂၄၅၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

➤ **စာမျက်နှာ ၄ မှအဆက်**

စာရေးဆရာဗိုလ်မြင့်ကို မိမိက ချစ်ခင်လေးစားလို့ ၂၀ ရာစု စာဆိုစစ်သည် စာအုပ်(၂)တွဲ စုဆောင်းပြုစုကြရာမှာ ပါနိုင်အောင် ရှာဖွေပေမယ့် ကိုယ်ရေးရာဇဝင်ကော၊ စာစုစာရင်းကောမရရှိခဲ့ပါ။ မမျှော်လင့်ဘဲ ဂျာနယ်တစ်စောင်ထဲမှာ ဆရာဗိုလ်မြင့်(၁၉၂၇-၂၀၀၃)အကြောင်းကို တော်တော်လေးပြည့်ပြည့်စုံစုံဖတ်ရှုရလို့ ဝမ်းသာအားရဖြစ်ပြီး သိမ်းထားခဲ့ပေမယ့် နှစ် ၂၀ လောက်ကြာပြီမို့ ယခုအခါရှာလို့မတွေ့တော့ပါ။ ပျဉ်းမနားမြို့နယ်၊ လမ်းပျဉ်းမနားရွာဇာတိလို့ သိရတယ်။

ဆရာဗိုလ်မြင့်(ဘာသာပြန်)ရေးခဲ့တဲ့ **စပိုင်စာအုပ် အမှတ်(၁)မှ(၆)ထိ**ကို အထက်တန်းကျောင်းသားဘဝက စာအုပ်အငှားဆိုင်မှာ ဖတ်ခဲ့ရဖူးတယ်။ ထုတ်ဝေသူက **အေးမြင့်စာပေ**လို့ မှတ်တာပဲ။ နှစ်ကျပ်တန်၊ သုံးကျပ်တန် ဝတ္ထုအရွယ်စာအုပ်မျိုးပါ။ တပ်မတော်မှာ ဗိုလ်ကြီးအဆင့်ထိ တာဝန်ထမ်းခဲ့ဖူးပြီး ဝတ္ထုတွေကလည်း တိုက်ကင်း၊ တပ်တော်ဦးဆီ၊ အသက်ကိုနှင်း၍၊ မုန်တိုင်းစဲလေသော် စတဲ့ ဝတ္ထုတွေ ထင်ရှားပါတယ်။ ဆရာ့ဝတ္ထုတွေကို မင်းသားရွှေဘပါဝင်တဲ့ ရုပ်ရှင်ဇာတ်ကားတွေလည်း ရိုက်ကူးခဲ့ပါတယ်။

စပိုင်စာအုပ်က အမှတ်(၈)ထိ ထွက်ရှိခဲ့သလိုလိုပဲ။ မသဲကွဲတော့ဘူး။ ခြောက်အုပ်သာ ဖတ်ဖူးပါရဲ့။

**နိဂုံး**

စာရေးသူ၊ စစ်မှုထမ်းခဲ့သူ၊ ပြန်ကြားရေးဌာနမှာ ဝန်ထမ်းအကြီးအမှူး လုပ်ခွင့်ရခဲ့သူအဖြစ် တာဝန်ကိုချောမောအောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့တာက စာဖတ်ခဲ့လို့ပါ။ တိတိကျကျ လေးလေးနက်နက် အမှတ်တရ ဖော်ပြရရင် ဆရာဗိုလ်မြင့်ရဲ့ စပိုင်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နဲ့ (၆) ကမ္ဘာမှာ မျက်ခုံးပေါ်စကြီးလျှောက်နေကြတဲ့ လူတော်လူချွန်လူလည်ကြီးတွေအကြောင်း အနီးကပ်(ဘာသာပြန်)လေ့လာမှတ်သားခွင့်ရခဲ့တဲ့ ကျေးဇူးတရားပါ။

## နှင်းမှုန်ထဲမှာ

- နှင်းမှုန်ထုကြား လက်ပြတား၍
  ကားကို စက်သတ် ကိုယ်လျှင်ရပ်သော်
  ပါးစပ်နီရဲ ကွမ်းသွေးစွဲသည့်
  သွားမည်းလှစ်ဟ ရယ်ပြုံးပြကာ
  နှုတ်စချိုချို အမိအိုက
  လိုက်လိုပါသည် ရွှေညောင်ဆီသို့
  "အမိဈေးနေ့ ကြုံချင်၍"တဲ့။

- မနိုင်မနင်း သစ်တော်ခြင်းကို
  လည်ပင်းစောင်းမျှ ရွက်ခဲ့ရ၍
  နွမ်းလျမောဟိုက် ချွေးပြိုက်ပြိုက်နှင့်
  ဖိုလှိုက်တုန်ယင် သူ့အသွင်ကို
  မြင်လျှင်မြင်ချင်း ကိုယ့်ရင်တွင်းဝယ်
  မိရင်းအလား ကြင်သနားကာ
  ကားပေါ်တင်ဆောင် ခေါ်ခဲ့၏။

- ရှမ်းရိုးမမှာ အနေကြာ၍
  ဘာသာစကား ဝလေ့များကို
  နားလည်သင့်တင့် ရှိသဖြင့်လျှင်
  ကိုယ်နှင့်မိအို စကားဆိုသည်
  ပြုံးချိုရွှင်ပျ ကြည်နူးလှ။

- အမိအိုဝယ် ကိုယ့်အရွယ်လျှင်
  သားငယ်တစ်ဦး ရှိသတဲ့၊
  ထိုသားငယ်မှာ တရပ်ရွာတွင်
  သစ္စာလေးချက် ဦးထိပ်ရွက်ရင်း
  မပျက်တာဝန် သူကျေပွန်သည်
  ပြည့်မွန်စစ်သား ကောင်းပါတဲ့။

- ကိုယ့်ကိုမြင်ရ သူ့သားလှသို့
  စိတ်က မှတ်ထင်ပါသတဲ့။

- သြော်. . . သြော်ဆိုလိုက် ခေါင်းညိတ်လိုက်နှင့်
  ထိုက်လျောက်ပြောကာ တုံ့ပြန်ကာနှင့်
  မကြာမထောက် ရွှေညောင်ရောက်သော်
  ကားအောက်ဆင်းသည့် ထိုအမိလည်း
  တင်ဘိကျေးဇူး အထူးထူးကို
  လှစ်ကျူးမြွက်ဟ တရရတည့်
  သားလှကိုလျှင် မခွဲချင်တည့်
  မိခင်ပမာ လှိုက်လှဲစွာပင်
  သူ့မှာမျက်ရည် တလည်လည်နှင့်
  မပီဝိုးဝါး ချိုနှုတ်ဖျားမှ
  စကားတီးတိုး ရင်ကိုနှိုးသည်
  "မိုးလွှိုင်လွှိုင်းခ=ဖြည်းဖြည်းပြန်ပါ
  လူစိုင်းနော်=သားလေးရယ်"။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## ဆိုက်ပရပ်စ်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲကျင်းပ ပြည်သူများပါဝင်မဲပေး

**နီကိုးရှား ဖေဖော်ဝါရီ ၅**

ဆိုက်ပရပ်စ်နိုင်ငံ၌ ယနေ့တွင် သမ္မတရွေးကောက်ပွဲ ကျင်းပခဲ့ရာ ဆိုက်ပရပ်စ်ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆိုက်ပရပ်စ်သမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ၁၄ ဦးထိပါဝင်ယှဉ်ပြိုင်နေပြီး မည်သည့်သမ္မတလောင်းကမျှပြတ်သားသည့် အနိုင်ရလဒ်မျိုးမရနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ယနေ့ ရွေးကောက်ပွဲ၌ ရလဒ်မပြတ်သားခဲ့ပါက ဖေဖော်ဝါရီ ၁၂ ရက်တွင် ဒုတိယအကျော့ ရွေးကောက်ပွဲ ကျင်းပရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွေးကောက်ပွဲ၌ အနိုင်ရမည့် သမ္မတလောင်းသည် ရာထူးသက်တမ်းကုန်ဆုံးတော့မည့် လက်ရှိသမ္မတ နီကော့စ်အင်နက်စတာဆီယာဒက်စ်၏ အရိုက်အရာကို ရယူမည်ဖြစ်သည်။

ဆိုက်ပရပ်စ်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတရာထူးကို သက်တမ်းနှစ်ဆက် ရယူခဲ့သော သမ္မတ အင်နက်စတာဆီယာဒက်စ် အနေဖြင့် ယနေ့ သမ္မတရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ခွင့်မရရှိတော့ကြောင်း သိရသည်။

ဆိုက်ပရပ်စ် သမ္မတရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခွင့်ရှိသူပြည်သူအရေအတွက်မှာ ၅၆၁၀၀၀ ထိရှိကြောင်း သိရသည်။ KKO

## တီဂရေးဒေသခေါင်းဆောင်များနှင့်အီသီယိုးပီးယားဝန်ကြီးချုပ်တို့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေး



**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၅**

ပြည်တွင်း စစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အီသီယိုးပီးယားဝန်ကြီးချုပ် အဘီးအာမက်သည် တီဂရေးဒေသစစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အေပီသတင်းဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် ၂၀၂၀ ခုနှစ် နိုဝင်ဘာလအတွင်း အီသီယိုးပီးယား ပြည်တွင်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း အီသီယိုးပီးယားဝန်ကြီးချုပ်နှင့် တီဂရေး ခေါင်းဆောင်များကြား ပထမဆုံး ဆွေးနွေးပွဲဖြစ်သည်။

ဝန်ကြီးချုပ် အဘီးအာမက်နှင့် တီဂရေး ခေါင်းဆောင်များကြား တွေ့ဆုံဆွေးနွေးပွဲကို အီသီယိုးပီးယားအစိုးရ မီဒီယာများက အတည်ပြုခဲ့သော်လည်း ဆွေးနွေးပွဲကျင်းပခဲ့သည့်နေ့ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အီသီယိုးပီးယားဖက်ဒရယ်အစိုးရနှင့် တီဂရေးဒေသတို့ကြား ဖြစ်ပွားခဲ့သော စစ်ရေးပဋိပက္ခအတွင်း အရပ်သားပြည်သူဦးရေ ၅၀၀၀၀၀ ထိ သေဆုံးခဲ့ရဖွယ်ရှိကြောင်း လေ့လာသူများက ခန့်မှန်းထားသည်။

အဆိုပါစစ်ရေး ပဋိပက္ခသည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် ရယူခဲ့သော ငြိမ်းချမ်းရေးသဘောတူညီချက်ဖြင့် ပြီးဆုံးခဲ့သည်။

ဝန်ကြီးချုပ် အဘီးအာမက်အနေဖြင့် တီဂရေးဒေသသို့ လေယာဉ်ပျံသန်း ပြေးဆွဲမှုများ မြှင့်တင်ရန်၊ ဘဏ်ဝန်ဆောင်မှုများ မြှင့်တင်ရန် ဆုံးဖြတ်ထားသည်ဟု အီသီယိုးပီးယားအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

## ယူအေအီးနိုင်ငံ ဆေးရုံတစ်ရုံ၌ ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ဖ် ကွယ်လွန်



**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၅**

ပါကစ္စတန် သမ္မတဟောင်း ပါဗက်ဇ်မူရှာရက်ဖ်သည် ယနေ့တွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတဟောင်း မူရှာရက်ဖ်သည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံဆေးရုံတစ်ရုံ၌ ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၇၆ နှစ်ရှိပြီဖြစ်သည်။

ပါကစ္စတန် သမ္မတဟောင်း မူရှာရက်ဖ်သည် ၁၉၉၉ ခုနှစ်တွင် အာဏာစတင်ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်ပေးခဲ့ရသူဖြစ်သည်။

မူရှာရက်ဖ်သည် သမ္မတတစ်ဦးအဖြစ် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မြှင့်တင်ပေးနိုင်ခဲ့သော်လည်း အမေရိကန်နိုင်ငံ၏ အာဖဂန်စစ်ပွဲကို ထောက်ခံခဲ့မှုကြောင့် အကျိုးဆက်အားဖြင့် ရာထူးမှ နုတ်ထွက်ခဲ့ရခြင်း ဖြစ်သည်။

ရာထူးမှ နုတ်ထွက်ပေးခဲ့ရပြီးနောက် ရာဇဝတ်မှုစွဲချက်များဖြင့် ရင်ဆိုင်ခဲ့ရသော မူရှာရက်ဖ်သည် ၂၀၁၆ ခုနှစ်တွင် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ အပြီးထွက်ခွာသွားခဲ့သည်။

သမ္မတဟောင်း မူရှာရက်ဖ် ကွယ်လွန်မှုကို ပါကစ္စတန်တပ်မတော်နှင့် ယူအေအီးနိုင်ငံရှိ ပါကစ္စတန်သံရုံးတို့က အတည်ပြုထားကြောင်း သိရသည်။ KKO

## အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှု ရုရှားနှင့်ယူကရိန်းနိုင်ငံတို့ ပြုလုပ်

**မော်စကို ဖေဖော်ဝါရီ ၅**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဖေဖော်ဝါရီ ၄ ရက်တွင် စစ်သုံ့ပန်းချင်းအပြန်အလှန်လဲလှယ်မှုပြုလုပ်ခဲ့ကြသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါအကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှုအတွင်း ယူကရိန်းတပ်ဖွဲ့ဝင် ၁၁၆ ဦးနှင့် ရုရှားတပ်ဖွဲ့ဝင် ၆၃ ဦးတို့ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

ဖေဖော်ဝါရီ ၄ ရက် အကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှုကို ရုရှားနှင့် ယူကရိန်းတာဝန်ရှိသူများက ကြေညာချက်များ ထုတ်ပြန်၍ အတည်ပြုထားသည်။



အဆိုပါ အကျဉ်းသားချင်းလဲလှယ်မှုအတွင်း ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံ၌ သေဆုံးခဲ့သော ဗြိတိန်နိုင်ငံသားနှစ်ဦးတို့၏ ရုပ်အလောင်းများကိုလည်း ယူကရိန်းတာဝန်ရှိသူများထံ ပြန်လည်လွှဲအပ်ခဲ့ကြောင်း သိရသည်။

ပြန်လည် လွှတ်မြောက်လာသော ရုရှားတပ်ဖွဲ့ဝင်များထဲတွင် အရေးကြီးသည့်တပ်ဖွဲ့ဝင်များလည်း ပါဝင်လာကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှုကို အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## တောင်ကိုရီးယားကမ်းလွန်၌ ငါးဖမ်းသင်္ဘောနစ်မြုပ် လူကိုးဦး ပျောက်ဆုံးနေ



**ဆိုးလ် ဖေဖော်ဝါရီ ၅**

တောင်ကိုရီးယားနိုင်ငံအနောက်တောင်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ ယနေ့တွင် ငါးဖမ်းသင်္ဘောတစ်စီးတိမ်းမှောက်နစ်မြုပ်ခဲ့ရာ လူကိုးဦး ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ငါးဖမ်းသင်္ဘောသည် ဖေဖော်ဝါရီ ၄ ရက်သန်းခေါင်ယံမတိုင်မီမှာပင် စတင်တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ငါးဖမ်းသင်္ဘောပေါ်၌ လိုက်ပါသွားသူများအနက် သုံးဦးကို ကယ်တင်နိုင်ခဲ့ပြီး ကိုးဦး ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ဖွဲ့ကသတင်းထုတ်ပြန်ထားသည်။


လက်ရှိအချိန်တွင် တောင်ကိုရီးယားကမ်းခြေစောင့်တပ်သင်္ဘောများသည် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေကြဆဲဖြစ်သည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၌ ပါဝင်ကူညီရန် တောင်ကိုရီးယားရေတပ်နှင့်အခြားအရပ်ဘက်အဖွဲ့အစည်းများကိုသမ္မတ ယွန်းဆွတ်ယိုးက ညွှန်ကြားထားသည်။

ပြီးခဲ့သည့်လကုန်ပိုင်းကလည်း တောင်ကိုရီးယားနှင့် ဂျပန်အကြား ပင်လယ်ရေပြင်အတွင်း ကုန်တင်သင်္ဘောတစ်စီး နစ်မြုပ်မှုကြောင့် အနည်းဆုံး ရှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာက ပုဂ္ဂလိကလဆင်းယာဉ်တစ်စင်းကို ဆင်းသက်ရမည့်နေရာသစ်ဆီသို့ လမ်းကြောင်းပြောင်းပေးထား



**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ပုဂ္ဂလိက လဆင်းယာဉ်တစ်စင်းကို ဆင်းသက်ရမည့် နေရာသစ်ဆီသို့ လမ်းကြောင်း ပြောင်းပေးထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

ပီရီဂရိန်းအမည်ရှိ အဆိုပါ လဆင်းယာဉ်ကို အက်စထရိုကော့တစ်အမည်ရှိ အမေရိကန်ကုမ္ပဏီတစ်ခုက တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

ဆင်းသက်မည့်နေရာအပြောင်းအလဲကြောင့် ပီရီဂရိန်းလဆင်းယာဉ်၌တပ်ဆင်ထားသည့် နာဆာ၏ စူးစမ်းလေ့လာရေးစနစ်များထိခိုက်နိုင်ခြေ လျော့ပါးသွားမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာ၏အစီအစဉ်အရ အဆိုပါလဆင်းယာဉ်သည် ယခုနှစ်အတွင်း ဂရူသီဆင်ဒွန်းစ်အမည်ရှိ နေရာ၌ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

မူလက ပီရီဂရိန်းလဆင်းယာဉ်သည် လားကပိစ်မောတစ်အမည်ရှိ ချော်ကျောက်လွှာနယ်မြေ၌ ဆင်းသက်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်သည် နာဆာ၏ စူးစမ်းလေ့လာရေးစနစ်ပေါင်း ၁၂ ခုကို သယ်ဆောင်ထားကြောင်း သိရသည်။

KKO

## ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရေခဲပုံစံသစ်တစ်မျိုးကို ဖန်တီးနိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ရေခဲပုံစံသစ်တစ်မျိုးကို ဖန်တီးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ရေခဲပုံစံသစ်ကြောင့် စနေဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ရံလများပေါ်၌ သမုဒ္ဒရာများမည်သို့ ဖွဲ့စည်း ပေါ်ထွက်လာနိုင်သည်ကို ပိုမိုနားလည်လာနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ ရေခဲပုံစံသစ်သည် မော်လီကျူးများ ဖွဲ့စည်းပုံညီညွတ်မှုမရှိခြင်းကြောင့် သာမန်ရေခဲများနှင့်မတူဘဲ ပုံသဏ္ဌာန်မဲ့သည့် ရေခဲအမျိုးအစား ဖြစ်ကြောင်း သိရသည်။



နေအဖွဲ့အစည်းအတွင်းရှိ ရေခဲဂြိုဟ်ရံလများ၏ မူလရေခဲလွှာများအပေါ် ဂြိုဟ်ကြီးများ၏ပြင်းထန်သော ဒြပ်ဆွဲအားသက်ရောက်ချိန်တွင် မိမိတို့ဖန်တီးထားသော ရေခဲမျိုးပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ ရေခဲပုံစံသစ်သည် စတင်ပေါ်ထွက်လာချိန်မှာပင် စွမ်းအင်ပမာဏ အများအပြားကိုသိုလှောင်ထားနိုင်ပြီး ပြိုကွဲချိန်တွင် အဆိုပါ စွမ်းအင်များကို ပြန်ထုတ်ပေးတတ်ကြောင်း သိရသည်။

ထိုကဲ့သို့ စွမ်းအင်ပွင့်ထွက်မှုသည် သက်ရှိများရှင်သန်ရေးအတွက် အထောက်အကူပေးနိုင်သောဖြစ်စဉ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## နျူကလီးယားလောင်စာကုန် ကြယ်ဖြူတစ်စင်း၏ဒြပ်ထုကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် တိုင်းတာနိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

နျူကလီးယား လောင်စာကုန်ကြယ်ဖြူတစ်စင်း၏ဒြပ်ထုကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် တိုင်းတာနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် LAWD-37 ဟူ၍ အမည်ပေးထားသော အထက်ပါကြယ်၏ဒြပ်ထုကို တိုင်းတာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ တိုင်းတာချက်အရ LAWD-37 ကြယ်၏ဒြပ်ထုသည် နေဒြပ်ထု၏ ၅၆ ရာခိုင်နှုန်းဝန်းကျင်ထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

LAWD-37 ကြယ်သည် လွန်ခဲ့သောနှစ်ပေါင်း တစ်ဘီလီယံခန့်ကပင် နျူကလီးယားလောင်စာကုန်ခန်းသွားသော ကြယ်တစ်စင်း ဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် ယခင်က နှစ်စင်းတွဲ ကြယ်စနစ်များအတွင်းရှိ နျူကလီးယားလောင်စာကုန် ကြယ်ဖြူများ၏ ဒြပ်ထုကိုသာ တိုင်းတာခဲ့ဖူးပြီး တစ်စင်းတည်းတည်ရှိသည့် နျူကလီးယားလောင်စာကုန် ကြယ်ဖြူများ၏ ဒြပ်ထုကို တိုင်းတာခဲ့ဖူးခြင်းမရှိကြောင်း သိရသည်။

LAWD-37 ကြယ်သည်ကမ္ဘာမြေနှင့်အလင်းနှစ် ၁၅ နှစ်အကွာတွင်တည်ရှိသော ကြယ်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုယ်ဝန်ဆောင်ချိန် ကျန်းမာရေးပြဿနာများ ခံစားခဲ့ရသူများတွင် နှလုံးရောဂါဖြစ်နိုင်ခြေမြင့်မား

**စတော့ဟုမ်း ဖေဖော်ဝါရီ ၅**

ကိုယ်ဝန်ဆောင်ချိန် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ခံစားခဲ့ကြရသည့် အမျိုးသမီးများသည် မီးဖွားပြီးနောက်ပိုင်း နှစ် ၅၀ အတွင်း နှလုံးရောဂါများဖြစ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နှင့် ဆွီဒင် သုတေသနပညာရှင်များသည် ၁၉၇၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြားကာလအတွင်း ကလေးမီးဖွားခဲ့ကြသည့် အမျိုးသမီး နှစ်သန်းကျော်တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသောရလဒ်များအရ ကိုယ်ဝန်ဆောင်ချိန် နောက်ဆက်တွဲကျန်းမာရေးပြဿနာ ငါးမျိုးအနက် တစ်မျိုးမျိုးခံစားခဲ့ရသူ အမျိုးသမီးများမှာ နှလုံးရောဂါများဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆမြင့်တက်နေတတ်ကြောင်း သိရသည်။

သုတေသန ပညာရှင်များ လေ့လာစိစစ်ခဲ့သော ကိုယ်ဝန်ဆောင်ရမှု နောက်ဆက်တွဲ ကျန်းမာရေးပြဿနာငါးမျိုးမှာ ကိုယ်ဝန်ဆောင်ကာလအတွင်း သွေးဖိအားပုံမှန်ထက် လွန်ကဲသူ၊ Pre-eclampsia ခေါ် သွေးဖိအားတက်၍ခြေလက်များဖောရောင်မှု၊ နေ့မစေ့လမစေ့ မီးဖွားမှု၊ မွေးဖွားလာသည့်ကလေး ကိုယ်အလေးချိန်မပြည့်မှုနှင့် ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်း သကြားဓာတ်ပုံမှန်ထက် လွန်ကဲမှုတို့ဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင်စဉ်သွေးဖိအားမြင့်တက်ခဲ့သူများနှင့် နေ့မစေ့ လမစေ့ မီးဖွားခဲ့သူ အမျိုးသမီးများတွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆ မြင့်တက်နေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## ဗီတာမင်-ဒီ ချို့တဲ့မှုကို ကုသခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၅**

ဗီတာမင်-ဒီဓာတ် ချို့တဲ့မှုကို ကုသပေးခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ကြိုးစားနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း Health Day Newsဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဗီတာမင်-ဒီနှင့် စိတ်ကျန်းမာရေးပြဿနာများကြား ဆက်စပ်မှုကို နားလည်ရေးအတွက် အမေရိကန်စစ်ပြန် တစ်သန်းကျော်ကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ဗီတာမင်-ဒီ လုံလောက်သူများသည် ဗီတာမင်-ဒီ ချို့တဲ့နေသူများနှင့် နှိုင်းယှဉ်ပါက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေ ၅၀ရာခိုင်နှုန်းခန့် ပိုနည်းပါးကြောင်း သိရသည်။

သို့ရာတွင် ဗီတာမင်-ဒီနှင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသန ပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးသော်လည်း ဗီတာမင်-ဒီ ချို့တဲ့ပါက အလွန်အမင်း စိတ်ပင်ပန်းခြင်းနှင့် စိတ်ခံစားမှု အတက်အကျမြန်ခြင်းကဲ့သို့ စိတ်ကျရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်ကြောင်း နိုင်ငံတကာ သုတေသန ပညာရှင်များက သိရှိထားပြီးဖြစ်သည်။

နေရောင်ခြည်နှင့် ထိတွေ့ချိန်တွင် လူ့ခန္ဓာကိုယ်သည် ဗီတာမင်-ဒီကို အလိုအလျောက်ထုတ်ပေးတတ်သော်လည်း မီလာနင် (Melanin) အရောင်အသွေးဓာတုပစ္စည်းပိုများသည့် အသားအရောင်နက်မှောင်သူများတွင်မူ ဗီတာမင်-ဒီ ထုတ်ပေးနိုင်စွမ်းနည်းပါးလေ့ရှိသည်။ KKO






# မန်ယူအသင်းက ဖယ်ဟာဒီကို စတာလင်ပေါင် ၇၂ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်

**မန်ချက်စတာ ဖေဖော်ဝါရီ ၅**

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပြ ကစားနေသည့် ရီးရဲလ်မက်ဒရစ် ကွင်းလယ်ကစားသမားဖယ်ဗာဒီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၂ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေသည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်း နည်းပြ တန်ဟတ်သည် လာမည့်နွေရာသီတွင် အသင်းလူစာရင်းအား ထပ်မံဖြည့်တင်းရန် စီစဉ်နေပြီး ယခုနှစ်ဘောလုံးရာသီ ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ပိုင်းတွင် အမှတ်ပေးပွဲ ၁၆ ပွဲတွင် ခြောက်ဂိုးသွင်းယူ၍ ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ထားသည့် ကွင်းလယ်ကစားသမား ဗယ်ဗာဒီကိုခေါ်ယူကာ တိုက်စစ်ပိုင်းမြှင့်တင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဗယ်ဗာဒီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ် ဇွန်လမှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်း၏ကစားပုံကို နှစ်သက်နေသည့် နည်းပြ တန်ဟတ်က လာမည့်နှစ်ဘောလုံးရာသီ အသင်းစီမံကိန်းတွင် ထည့်သွင်းထားသည့်အတွက် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် မန်ယူအသင်းသည် ဗယ်ဗာဒီကို ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့သော်လည်း ရီးရဲလ်မက်ဒရစ် အသင်းအနေဖြင့် ဒေါ့မွန်လူငယ်ကစားသမား ဘယ်လင်ဟမ်ကို ခေါ်ယူနိုင်ခဲ့ပါက ဗယ်ဗာဒီအား ပွဲကစားခွင့်ပေးနိုင်မည်မဟုတ်သောကြောင့် မန်ယူအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ ရောင်းချနိုင်ဖွယ်ရှိကြောင်း သိရသည်။

ML




**ပရီးမီးယားလိဂ် ပွဲစဉ် (၂၂) ရလဒ်**

| | | |
|---|---|---|
| နော်တင်ဟမ် | ၁ - ၀ | လိဒ် |

**စပိန်လာလီဂါ ပွဲစဉ် (၂၀) ရလဒ်**

| | | |
|---|---|---|
| မာယော့ကာ | ၁ - ၀ | ရီးရဲလ်မက်ဒရစ် |
| ဂျီရိုနာ | ၁ - ၀ | ဗလင်စီယာ |

**အီတလီစီးရီးအေ ပွဲစဉ် (၂၁) ရလဒ်**

| | | |
|---|---|---|
| စပီဇီယာ | ၀ - ၃ | နာပိုလီ |

**(၀၄၀)**

## အားကစားသတင်း အတိုအထွာများ

- စပါးအသင်းက နွေရာသီ အပြောင်းအရွှေ့ကာလတွင် အေဘီကိုအသင်းမှ ဂိုးသမားအိုဘလက်နှင့် တိုက်စစ်မှူး ကာရက်စ်ကိုအား ခေါ်ယူနိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။
- ချဲလ်ဆီးနည်းပြ ဂရာဟမ်ပေါ်တာက အသင်းအနေဖြင့် လူကာကူကဲ့သို့ ငွေကြေးအမြောက်အမြားပေး၍ ခြေစွမ်းမပြနိုင်သည့်ကစားသမားမျိုးကို ခေါ်ယူမှုမပြုလုပ်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းအနေဖြင့် လာမည့်ပွဲစဉ်များတွင် ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိပါက ရာသီအကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်နှင့်လွဲချော်နိုင်ကြောင်း ဂိုးသမား အယ်လစ်ဆင်က ပြောကြားခဲ့သည်။

ML

# အဲဗာတန်အသင်းကို အဝေးကွင်း သုံးပွဲဆက်ရှုံးနိမ့်သည့် ပထမဆုံးအာဆင်နယ် အသင်းနည်းပြအဖြစ် အာတီတာမှတ်တမ်းဝင်




**လန်ဒန် ဖေဖော်ဝါရီ ၅**

ပရီးမီးယားလိဂ်ပွဲစဉ် (၂၂) အဖြစ်ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင် အာဆင်နယ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အာဆင်နယ်အသင်း သမိုင်းတစ်လျှောက်တွင် အဲဗာတန်အသင်းကို အဝေးကွင်း၌ သုံးပွဲဆက်ရှုံးနိမ့်ခဲ့သည့် ပထမဆုံး အာဆင်နယ်အသင်း နည်းပြအဖြစ် အာတီတာ မှတ်တမ်းဝင်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ အာတီတာသည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းကို ရလဒ်ကောင်းများဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးထားပြီး ချန်ပီယံဆုအတွက်လည်း မျှော်လင့်ချက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

သို့သော် နည်းပြ အာတီတာသည် အာဆင်နယ်အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အဲဗာတန်အသင်းနှင့် အဝေးကွင်းတွင် သွားရောက်ကစားခဲ့ရာတွင် ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ သုံးပွဲရင်ဆိုင်ခဲ့ရာတွင် သုံးပွဲစလုံးရှုံးနိမ့်ခဲ့ပြီး အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် အဲဗာတန်အသင်းကို အဝေးကွင်း သုံးပွဲဆက်ရှုံးနိမ့်ခဲ့သည့် ပထမဆုံး နည်းပြဖြစ်လာခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာသည် ၂၀၁၉ ခုနှစ်က အာဆင်နယ်အသင်းကို စတင်ကိုင်တွယ်ခဲ့သည့် သက်တမ်းတစ်လျှောက် အဲဗာတန်အသင်းနှင့် အဝေးကွင်းတွင် တွေ့ဆုံခဲ့သည့် ပထမဆုံးပွဲစဉ်တွင် နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်လည်း နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ပြီး ယခု တတိယအကြိမ်တွင်လည်း တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ကာ အဲဗာတန်အသင်းနှင့်တွေ့ဆုံခဲ့သည့် အဝေးကွင်းသုံးပွဲစလုံးရှုံးနိမ့်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက်တွင် အဲဗာတန်အသင်းကို အဝေးကွင်းသုံးပွဲဆက် ရှုံးနိမ့်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

STA

# ယခုနှစ် အပြောင်းအရွှေ့ကာလတွင် စတာလင်ပေါင်သန်း ၆၀၀ နီးပါးသုံးစွဲခဲ့သည့် ချဲလ်ဆီးအသင်း ဝင်ငွေထွက်ငွေမမျှတမှုကြောင့် အရေးယူခံရနိုင်ဟုဆို

**လန်ဒန် ဖေဖော်ဝါရီ ၅**

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင် တော့ဘိုလီလက်ထက် ကစားသမား အပြောင်းအရွှေ့များတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၆၀၀ နီးပါးအသုံးပြုခဲ့ပြီး ယူအီးအက်ဖ်အေ၏ FFP စည်းမျဉ်းနှင့် ကိုက်ညီမည်မဟုတ်သောကြောင့် အရေးယူခံရနိုင်သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက စတာလင်ပေါင်သန်း ၃၀၀ ကျော်နှင့် ယခုအပြောင်းအရွှေ့ကာလတွင် စတာလင်ပေါင် သန်း ၃၀၀ နီးပါး အသုံးပြုခဲ့သဖြင့် ယူအီးအက်ဖ်အေ၏ ဘဏ္ဍာရေးစည်းမျဉ်းအသစ်ကြောင့် လာမည့်နှစ်ဘောလုံးရာသီတွင် အရေးယူခံရနိုင်ကြောင်း သိရသည်။

သို့သော် ချဲလ်ဆီးအသင်းအနေဖြင့် ကစားသမားများ၏ လုပ်ခလစာထပ်မံ တိုးမြှင့်လာခြင်းမရှိဘဲ ဘောလုံးရာသီကုန်ဆုံးပါက ချန်ပီယံလိဂ်ဝင်ခွင့်နှင့် ကစားသမား ရောင်းချမှုတွင် ဝင်ငွေ စတာလင်ပေါင်သန်း ၁၅၀ ကျော် ရရှိခဲ့ပါက ယူအီးအက်ဖ်အေမှ ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း(FFP) ကို ဖြတ်ကျော်နိုင်မည်ဖြစ်ပြီး အရေးယူခံရမည် မဟုတ်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးဇယားအဆင့် (၃) တွင် ရပ်တည်နိုင်ခဲ့ပြီး အဓိကဖလားပြိုင်ပွဲ နှစ်ခုတွင် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်ထိရောက်ရှိခဲ့သောကြောင့် ဝင်ငွေ စတာလင်ပေါင် ၄၈၁ ဒသမ ၃ သန်းထိ ရရှိခဲ့ပြီး ကစားသမားလုပ်ခလစာပေးချေမှုများတွင် စတာလင်ပေါင် ၃၅၇ သန်းထိသာ ရှိခဲ့သော်လည်း လာမည့်နှစ်တွင် ကစားသမားသစ်များ၏ လုပ်ခလစာနှင့် ယခုနှစ်ကစားသမား ခေါ်ယူမှုများတွင် ငွေကြေး အမြောက်အမြားသုံးစွဲမှုများကြောင့် အသင်းအနေဖြင့် ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အောင်မြင်မှုမရခဲ့ပါက ယူအီးအက်ဖ်အေ၏ အရေးယူမှုခံရနိုင်ရန် သေချာနေကြောင်း သိရသည်။

ML

# လာလီဂါ ၁၄ ပွဲတွင် အနီကတ်သုံးကြိမ်ပြသခံခဲ့ရသည့် ကစားသမားအဖြစ် ဗီလစ်ပီ မှတ်တမ်းဝင်

**မက်ဒရစ် ဖေဖော်ဝါရီ ၅**

လာလီဂါပွဲစဉ် (၂၀) အဖြစ်ကစားခဲ့သည့် ဘက်တစ်အသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ ပွဲစဉ်တွင် ဘက်တစ်အသင်းက လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ခံစစ်ကစားသမား ဗီလစ်ပီအနေဖြင့် ပွဲကစားချိန်မိနစ် ၉၀ ကျော်တွင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသောကြောင့် လာလီဂါအမှတ်ပေးပွဲ ၁၄ ပွဲတွင် အနီကတ်သုံးကြိမ်ပြသခံရသည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဗီလစ်ပီသည် ယခုနှစ်ဘောလုံးရာသီတွင် အောက်တိုဘာ ၂ ရက်က ကစားခဲ့သည့် ဆဲလ်တာဗီဂိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပထမအကျော့ ပွဲစဉ်တွင်လည်း ပွဲကစားချိန်မိနစ် ၂၀ တွင် အနီကတ်ဖြင့် ထုတ်ပယ်ခံရသကဲ့သို့ ဒီဇင်ဘာ ၃၀ ရက်က ကစားခဲ့သည့် ဘီလ်ဘာအိုအသင်းနှင့်ပွဲစဉ်တွင်လည်း အနီကတ်တစ်ကြိမ်နှင့် ယခုပွဲစဉ်တွင်လည်း ပွဲကစားချိန် မိနစ် ၉၀ ကျော်တွင် အနီကတ်တစ်ကြိမ် ထပ်မံ ပြသခံရသောကြောင့် လာလီဂါပြိုင်ပွဲ ၁၄ ပွဲကစားခဲ့ရာတွင် တိုက်ရိုက်အနီကတ်သုံးကြိမ်ထိ ပြသခံရသည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။




အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမား ဗီလစ်ပီသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ဘီလ်ဘာအိုအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီးနောက် တစ်လခန့်ကြာ အသင်း၏ပွဲစဉ်များကို လွဲချော်ခဲ့ရသကဲ့သို့ ပြီးခဲ့သည့် ဂီတာဖေးအသင်း၊ ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် ပါဝင်ခွင့်ရခဲ့သော်လည်း ယခုပွဲစဉ်တွင် အနီကတ်ထပ်မံပြသခံရသောကြောင့် လာမည့်ပွဲစဉ်များကို ထပ်မံ လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ML

# အမျိုးသမီးဖယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ဆာရန်နိုဖြစ်လာ



**နယူးယောက် ဖေဖော်ဝါရီ ၅**

အမျိုးသမီး ဖယ်သာဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် WBC၊ WBO၊ IBO၊ IBF အမျိုးသမီး ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဆာရန်နိုနှင့် WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အီရီကာခရုဇ်တို့ ယနေ့အစောပိုင်းတွင် အမေရိကန်နိုင်ငံ နယူးယောက်၌ ထိုးသတ်ခဲ့ရာ ဆာရန်နိုက ဗိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး အမျိုးသမီး ဖယ်သာဝိတ်တန်း လောက၏ ပြိုင်ဘက်ကင်း ချန်ပီယံအဖြစ် ရပ်တည်ခွင့်ရခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် စတီဗိုက်ဖယ်နှင့်လွှန်ဘာဒီတို့က ဆာရန်နိုအား (၉၈-၉၂)မှတ်ဖြင့်လည်းကောင်း၊ ကွန်စတန်တီနိုက (၉၇-၉၃) မှတ်ဖြင့် ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နိုအား အနိုင်ပေးခဲ့သည်။

ဆာရန်နိုသည် မက္ကဆီကိုလက်ဝှေ့မယ် အီရီကာခရုဇ်အား အနိုင် ထိုးသတ်နိုင်ခဲ့သော်လည်း အသက်အရွယ်အရ ရှစ်ချီမြောက်နှင့် ကိုးချီမြောက်တွင် သက်လုံကျလာပြီး ထိုးချက်များမှာအားပျော့လာခဲ့သည်။

အဆိုပါနှစ်ချီတွင် အီရီကာခရုဇ်က သက်လုံပိုင်းအားသာချက်ဖြင့် အကောင်းဆုံး ဖိအားပေး ထိုးသတ်နိုင်ခဲ့သော်လည်း အစောပိုင်းအချီများတွင် ဆာရန်နိုက တစ်ဖက်သတ်ဖိအားပေး ထိုးသတ်နိုင်ခဲ့သည့်အတွက် ဆာရန်နိုက ဗိုင်အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အီရီကာခရုဇ်၏ ထိုးချက်များမှာလည်း အားပါပြင်းထန်မှုမရှိခဲ့သည့်အတွက်ကြောင့် အနိုင်ရရှိနိုင်သည့် အခွင့်အရေးကောင်းဖြင့် လွဲချော်ခဲ့ရခြင်းလည်းဖြစ်သည်။

ဖယ်သာဝိတ်တန်း လောက၏ ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်လာခဲ့သည့် ဆာရန်နိုက "ကျွန်မအတွက် တကယ့်ကို ခက်ခဲတဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ နှစ်ယောက်စလုံးအတွက် အရေးကြီးတဲ့ စိန်ခေါ်ပွဲဖြစ်သလို ဖယ်သာဝိတ်တန်းလောကရဲ့ ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်ခွင့်ရမဲ့ စိန်ခေါ်ပွဲဖြစ်တဲ့အတွက် နှစ်ယောက်စလုံး ကြိုးစားထိုးသတ်ခဲ့ကြတယ်။ ကျွန်မအနေနဲ့ ရှစ်ချီမြောက်နဲ့ ကိုးချီမြောက်ဟာ တော်တော်ကို ခက်ခဲတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ သက်လုံပိုင်းက တော်တော် သိသာလာတယ်။ အစောပိုင်းအချီတွေမှာ အကောင်းဆုံးထိုးသတ်နိုင်ခဲ့လို့ ဗိုင်အမှတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# လိုင်ယွန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ကာရိုလိုင်းဂါစီယာ တက်ရောက်

**လိုင်ယွန် ဖေဖော်ဝါရီ ၅**

ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့တွင် ကျင်းပနေသည့် လိုင်ယွန်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ပြင်သစ်တင်းနစ်မယ် ကာရိုလိုင်းဂါစီယာနှင့် ကိုလံဘီယာတင်းနစ်မယ် အိုဆိုရီယိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာရိုလိုင်းဂါစီယာက (၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း SK သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့်အတိုင်း ကာရိုလိုင်းဂါစီယာက ဆီမီးဖိုင်နယ် အဆင့်တွင်လည်း အကောင်းဆုံး လက်စွမ်းပြသွားခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ရန် ထိုက်တန်ကြောင်း ပြသသွားနိုင်ခဲ့သည်။

အိုဆိုရီယိုသည် ဆီမီးဖိုင်နယ် အဆင့်မတိုင်မီထိ အကောင်းဆုံး လက်စွမ်းပြ နိုင်ခဲ့သော်လည်း ပြင်သစ်ပရိသတ်များ၏ အားပေးမှုကိုရထားသည့် ကာရိုလိုင်းဂါစီယာ၏စွမ်းဆောင်ရည်ကြောင့် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရပြီး ဆီမီးဖိုင်နယ်အဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။

ကာရိုလိုင်းဂါစီယာသည် ဗိုလ်လုပွဲစဉ်တွင် အမေရိကန်တင်းနစ်မယ် အလီစီယာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗိုလ်လုပွဲစဉ်တွင် ပြင်သစ်တင်းနစ်မယ် ကာရိုလိုင်းဂါစီယာနှင့်ယှဉ်ပြိုင်ကစားရမည့် အလီစီယာက "ကျွန်မအတွက် WTA Tour မှာ ပထမဆုံးအကြိမ် ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်ခဲ့တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ဆီမီးဖိုင်နယ်အဆင့်ထိ အကောင်းဆုံးကစားနိုင်ခဲ့တယ်။ ဗိုလ်လုပွဲစဉ်အဆင့်ထိ ရောက်ရှိလာခဲ့ပြီးတဲ့နောက် ကျွန်မသိလာတာ တစ်ခုက ပွဲအပေါ်မှာ အာရုံအပြည့်ရှိနေဖို့က အရေးအကြီးဆုံးပဲ။ ပွဲပေါ်မှာထက် ကိုယ့်ကိုယ်ကိုယ်သွားဂရုစိုက်မိလိုက်ရင် အမှတ်တွေ ဆုံးရှုံးရတယ်။ စိတ်မလောဖို့လဲလိုတယ်။ စိတ်ကို အတည်ငြိမ်ဆုံးထားနိုင်အောင်ထားပြီးတော့ ရိုက်ချက် တစ်ချက်ချင်းစီတိုင်းကို အာရုံစိုက်နိုင်ဖို့ တော်တော်အရေးကြီးတယ်။ ဗိုလ်လုပွဲစဉ်မှာ စိတ်ကိုတည်ငြိမ်အောင်ထားပြီး ပွဲအပေါ်မှာ အာရုံအပြည့်စိုက်နိုင်အောင် ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။


AZL

# မန်ယူအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မက်ဂွဲယားအပါအဝင်ကစားသမားခြောက်ဦးထိ ရောင်းချမည်

**မန်ချက်စတာ ဖေဖော်ဝါရီ ၅**

မန်ယူအသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းခေါင်းဆောင် မက်ဂွဲယား အပါအဝင် ကစားသမားခြောက်ဦးထိ ရောင်းချရန်အတွက် အရောင်းစာရင်း တင်သွင်းလာခဲ့သည်ဟု The Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းကို ယခုနှစ်ဘောလုံးရာသီတွင် နည်းပြတန်ဟတ် တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို အပြောင်းအလဲများစွာ ပြုလုပ်နေပြီး အသင်းမှ ထိပ်တန်းကစားသမားတစ်ဦး ဖြစ်သည့် စီရော်နယ်ဒိုကို စာချုပ်ဖျက်သိမ်းခဲ့သကဲ့သို့ လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင်လည်း အသင်းခေါင်းဆောင် မက်ဂွဲယားအပါအဝင် ကစားသမားခြောက်ဦးထိ ရောင်းချပြီး အပြောင်းအလဲပြုလုပ်ရန် ပြင်ဆင်လျက်ရှိနေသည်။



မန်ယူအသင်းသည် မက်ဂွဲယားကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူထားပြီး လက်ရှိတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားသော်လည်း လက်ရှိနည်းပြ တန်ဟတ်လက်အောက်တွင် ပွဲထွက်ခွင့်မရရှိခဲ့ဘဲ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေသည့်အတွက် ၎င်းကိုယ်တိုင်က အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသကဲ့သို့ မန်ယူအသင်းကလည်း ရောင်းချရန်အတွက် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ထို့ပြင် မန်ယူအသင်းက အရောင်းစာရင်း တင်သွင်းထားသည့် ကစားသမားစာရင်းတွင် မက်ဂွဲယားအပြင် ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသည့် တွမ်မီနေးနှင့် ဗန်ဒီဘိခ်၊ ဒဏ်ရာပြဿနာများ မကြာခဏ ကြုံတွေ့နေရသည့် မာရှယ်တို့လည်းပါဝင်နေပြီး အငှားစေလွှတ်ထားသည့် ကစားသမားများဖြစ်သည့် တောင်ပံခံစစ်ကစားသမား အဲလက်စ်နှင့် ဗဟိုခံစစ်ကစားသမား ဘိုင်လီတို့လည်း ပါဝင်နေကြောင်း သိရသည်။

STA

# တိုက်ရိုက်အနီကတ်ပြသခံခဲ့ရသည့် ကက်စ်မဲရိုး ပွဲပယ်ပြစ်ဒဏ်မှ ကင်းလွတ်ဖွယ်ရှိနေ

**မန်ချက်စတာ ဖေဖော်ဝါရီ ၅**

မန်ယူအသင်းအဓိက ကွင်းလယ်ကစားသမား ကက်စ်မဲရိုးအနေဖြင့် မန်ယူအသင်းက ပဲလေ့စ်အသင်းကို အိမ်ကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တိုက်ရိုက် အနီကတ်ပြသခံခဲ့ရသော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ စည်းမျဉ်းသစ်ကြောင့် ပွဲပယ်ပြစ်ဒဏ်မှ ကွင်းလွတ်ခွင့် ရရှိဖွယ်ရှိနေသည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းက ပဲလေ့စ်အသင်းကိုအနိုင်ရရှိခဲ့သည့် ပွဲစဉ်၏ ပွဲချိန် ၆၉ မိနစ်တွင် မန်ယူအသင်းမှ တောင်ပံကစားသမား အန်တိုနီနှင့် ပဲလေ့စ်အသင်းမှ ရှာလော့တို့ အချင်းများခဲ့သည့်အချိန်တွင် နှစ်ဖက်အသင်း ကစားသမားများလည်း ပါဝင်လာခဲ့ကြခြင်းဖြစ်သည်။

နှစ်ဖက်အသင်း ကစားသမားများ အချင်းများမှုတွင်ပါဝင်လာချိန်တွင် မန်ယူအသင်း အဓိကကွင်းလယ်ကစားသမား ကက်စ်မဲရိုးက ပဲလေ့စ်အသင်းမှ ကွင်းလယ်ကစားသမား ဟုဂက်စ်ကို လည်ပင်းညှစ်ခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးမာရင်နာက တိုက်ရိုက်အနီကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်အတွက် ကွင်းလယ်ဒိုင်လူကြီး မာရင်နာက အစောပိုင်းက အချင်းများမှုစတင်ခဲ့သည့် အန်တိုနီနှင့် ရှာလော့တို့ကို အဝါကတ်ပြသပြီး သတိပေးမှုပြုလုပ်ကာ ပွဲကိုဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သော်လည်း VAR ဒိုင်လူကြီးများက ကက်စ်မဲရိုးကို တိုက်ရိုက်အနီကတ်ပြသခံရန်အကြံပြုခဲ့သည့်အတွက် ဒိုင်လူကြီး မာရင်နာက VAR ကို ပြန်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ကက်စ်မဲရိုးကို တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ကက်စ်မဲရိုးအနေဖြင့် တိုက်ရိုက်အနီကတ်ပြစ်ဒဏ်ကြောင့် သုံးပွဲပယ်ခံရမည်ဖြစ်သော်လည်း ကက်စ်မဲရိုးနှင့် ဟုဂက်စ်တို့သည် ဖြစ်ရပ်အပြီးတွင် ကွင်းအတွင်းသို့ နှစ်ဦးစလုံးအေးချမ်းစွာဖြင့် ပြန်လည်ဝင်ရောက်ခဲ့သည့်အတွက် စည်းမျဉ်းသစ်အရ အချင်းဖြစ်သည့် ကစားသမားနှစ်ဦး ပြေလည်မှုရရှိပါက ပြစ်ဒဏ်လျှော့ချနိုင်မည်ဖြစ်သည့်အတွက် ကက်စ်မဲရိုးအနေဖြင့် ပွဲပယ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိဖွယ်ရှိနေပြီး မန်ယူအသင်းကလည်း အယူခံဝင်ရောက်ထားကြောင်း သိရသည်။ STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တတိယမြောက် ပွဲအများဆုံးနည်းပြအဖြစ် မိုယက်ရပ်တည်

**လန်ဒန် ဖေဖော်ဝါရီ ၅**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂)အဖြစ် နယူးကာဆယ်အသင်းနှင့်ဝက်စ်ဟမ်းအသင်းတို့ ကစားခဲ့သည့်ပွဲစဉ် အပြီးတွင် ဝက်စ်ဟမ်းအသင်း နည်းပြ မိုယက်သည် ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် တတိယမြောက်ပွဲအများဆုံး တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့သည့် နည်းပြဖြစ်လာခဲ့သည်ဟု Opta.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၉ နှစ်ရှိ နည်းပြမိုယက်သည် ပရော်ဖက်ရှင်နယ် နည်းပြဘဝကို ပြီးခဲ့သည့် ၁၉၉၈ ခုနှစ်က ပရက်စတန်အသင်းနှင့် စတင်ခဲ့ပြီး ပရက်စတန်အသင်းကို ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် ၂၀၀၂ ခုနှစ် မတ်လက အဲဗာတန်အသင်းကို ပြောင်းလဲတာဝန်ယူ ကိုင်တွယ်ခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇွန်လတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

နည်းပြမိုယက်သည် မန်ယူအသင်းကို ပြောင်းလဲတာဝန်ယူ ကိုင်တွယ်ခဲ့သော်လည်း မန်ယူအသင်းတွင် အောင်မြင်မှုမရရှိခဲ့သည့်အတွက် တစ်နှစ်ကြာ တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်က မန်ယူအသင်းမှ ထုတ်ပယ်ခံခဲ့ရပြီး ဆိုစီဒက်အသင်း၊ ဆန်းဒါးလန်းအသင်းစသည့် အသင်းများကို တာဝန်ယူခဲ့ကာ လက်ရှိတွင် ဝက်စ်ဟမ်းအသင်းကို တာဝန်ယူ ကိုင်တွယ်နေခြင်း ဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲအများဆုံးတာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြစာရင်းတွင် ထိပ်ဆုံး၌ အာဆင်နယ်အသင်း နည်းပြဟောင်း အာဆင်ဝင်းဂါးက ၈၂၈ ပွဲဖြင့် ထိပ်ဆုံး၌ရပ်တည်နေပြီး ၎င်း၏နောက်တွင် မန်ယူအသင်း နည်းပြဟောင်းဖာဂူဆန်က ပွဲ၈၁၀ ဖြင့် ဒုတိယ၊ ဝက်စ်ဟမ်းအသင်း နည်းပြ မိုယက်က ၆၄၂ ပွဲဖြင့် တတိယ၊ စပါးအသင်း နည်းပြဟောင်း ရက်နက်က ၆၄၁ ပွဲဖြင့် စတုတ္ထ၊ ဝက်စ်ဟမ်းအသင်း နည်းပြဟောင်း ဆမ်အလာဒိုက်က ၅၇၇ ပွဲဖြင့် ပဉ္စမနေရာတို့တွင် ရပ်တည်လျက် ရှိကြောင်း သိရသည်။ STA

**ပြင်သစ်လီဂူး ပွဲစဉ် (၂၂) ရလဒ်**

| | | | | |
|---|---|---|---|---|
| ကလဲယားမောင့် | ၀ | - | ၂ | မိုနာကို |
| အေဂျက်စီယို | ၀ | - | ၂ | နန့်တက် |
| အော်ဇေး | ၀ | - | ၀ | ရိမ်း |
| လိုရီယန့် | ၀ | - | ၀ | အန်ဂါ |

(၀၄၀)

# ဟတ်ထိသမျှ စပ်မိစပ်ရာ (၅)

**ပုဂံဘုရား၊ ပုဂံကအစားအစာ၊ ပုပ္ပားကသစ်သီးနဲ့ လမ်းဘေးက ထန်းရည်ဆိုင်**

ပုဂံဘုရားတွေကို ပုဂံသားတွေက တည်ခဲ့ကြလို့ "ပုဂံ"ဆိုတာနဲ့ တစ်ကမ္ဘာလုံးက သိနေကြပါပြီနော်။ အခုဆိုရင် "ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ"အဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်လဲဖြစ်ခဲ့ပါပြီ။ အဲဒီလို ကမ္ဘာနဲ့ချီပြီး လူသိများတဲ့ ပုဂံဘုရားဖူးခရီးသွားတောလားကို မှတ်မှတ်ရရ ပြန်ရေးပြရရင် ဒီခေတ်မှာ မိသားစုလိုက် ဘုရားဖူးထွက်ရတာ ငွေရေးကြေးရေးကအစ လွယ်တော့သိပ်မလွယ်လှပါဘူးနော့။ ဒါပေမဲ့ **"Money money come to me and send me on the spending spree"** ဆိုသလို "ငွေတွေ ငွေတွေရယ် . . . ငါ့ဆီလာပါကွယ် . . . စိတ်လွတ်ကိုယ်လွတ် ဈေးဝယ်ထွက်ရအောင် ငါ့ဆီလာပါကွယ်" ဆိုတဲ့အတိုင်း ဘုရားလည်ဖူးရင်း ဒေသထွက်ပစ္စည်းတွေလဲဝယ်ရင်း ခရီးသွားချင်နေတာကြာပေါ့။ အဲလိုရှိတုန်း အခုလို ငွေရေးကြေးရေးဖွတ်ကလိဒင်္ဂါးလေးတွေက အဆင်ပြေလာတော့ ရေငတ်တုန်းရေခဲစိမ့်ဘီယာလေးသောက်လိုက်ရသလို ဖြစ်သွားတယ်ပေါ့ဗျာ။ နော။

ဒီလိုနဲ့ ယောက်ဖတော်ရဲ့ Honda Pilot (3.5) ကားကြီးကိုခဏငှားပြီး ဘုရားဖူးခရီးစခဲ့ပါပြီ။ Engine Power (3.5) ဆိုတော့ကာ မြန်နှုန်းလဲမြင့်ပါရဲ့။ ဆီစားကလဲ တုတ်သလားမမေးနဲ့။ ညနေပိုင်းမှာ အမြန်လမ်းကသွားတာမို့ ရင်တထိတ်ထိတ်နဲ့ တစ်လမ်းလုံးကျိတ်ပြီး ဂါထာတွေ၊ ပရိတ်တွေရွတ်သွားလိုက်တာ တစ်လမ်းလုံး ဘာအန္တရာယ်မှမရှိဘဲ ညောင်ဦးကို နောက်တစ်နေ့မနက်မှာ အချိန်မှန်ဆိုက်ရောက်ခဲ့ပါတယ်နော။ တစ်လမ်းလုံး ဖြည်းဖြည်းဆေးဆေးနဲ့ လေးလေးမှန်မှန် အန္တရာယ်မရှိအောင် မောင်းနှင်ပေးတဲ့ သားကလေး "မြတ်ထိုက်"ကိုလဲ ကျေးဇူးအထူးတင်ကြောင်း မှတ်မှတ်ရရ ဖော်ပြအပ်ပါတယ်နော်။

ပုဂံဘုရားပေါင်းစုံဖူးရာမှာ စွယ်တော်လေးဆူနဲ့တကွ **ထု မွေ့ရုံ၊ ဉာဏ်သဗ္ဗညု၊ အနန္တ အာနန္ဒာ၊ အလှ ရွှေစည်းခုံ**ဆိုတဲ့ ကမ္ဘာကျော် ဂန္ဓဝင်ဘုရားတွေကိုလဲ အားရပါးရဖူးမဝနိုင်အောင် ဖူးမြော်ရင်း ကျုပ်ရေးခဲ့တဲ့ ကဗျာလေးကိုလဲ တစ်လက်စတည်းသွားပြီး သတိရမိပါရဲ့။

"**အရိမဒ္ဒန၊ ပုဂံရာမ၊ တမ္ဗဒီပ၊ အမည်ရ၍၊ နာမတွဲခံ၊ ပြည်ပုဂံသည်၊ နှန်းစံတုကင်း၊ ဘုန်းကံဝင်းသည့်၊ မင်းမင်းခံရာ၊ နော်ရထာပြင်၊ စေတာဝင့်ကြွား၊ ကျန်စစ်သားနှင့်၊ ထင်ရှားမွေ့၊ လောင်းစည်သူတိုင်၊ ထီးမြဲဖြန့်ကြက်၊ ဂုဏ်မာန်တက်၍၊ လက်နက်နိုင်ငံ ကျော်ခဲ့၏**"။

"**လှည်းဝင်ရိုးသံ၊တညံ့ညံ့ဟု၊ပုဂံဘုရား၊ ပုဂံသားတို့၊ တည်ထားပေါင်းရ၊မြတ်ကြောင်းပြုသည်၊ ကောင်းမှုနိဗ္ဗာန်ပျော်တော့၏**"

"**ထု မွေ့ရုံ၊ ဉာဏ် သဗ္ဗညု၊ အန အာနန္ဒာ၊ အလှ ရွှေစည်းခုံ၊ အဖုံ့ဖုံ့ပြင့်၊ စိုလွှဲမေးမိုတ်၊ တရားရိပ်တွင်း၊ ကင်းပီတ်ဆောက်အုံ၊ သီဟိုဠ်ပုံနှင့်၊ အာရုံ့ရှုပွား၊ ဗူဘုရားပြင်၊ ကျောက်သားနယဉ်၊ သိမ်ဥမင်တည့်၊ အသွင်သပ်ရပ်၊ အုတ်ပြာသာဒ်တို့၊ ရပ်ရပ်တစ်ခွင်၊ နံ့ဗပ်မြင်သော်၊ ဘဝင်ချမ်းမြေ့မော်တော့၏**"

ကျော်လဲကျော်၊ ပျော်လဲပျော်၊ မော်လဲမော်ရတဲ့ ပုဂံခရီးမှာ ဖူးမြော်ကြည်ညိုရတာ မနောခွေ့၊ သွားရလာရတာ ချောမွေ့သလောက် စားရ သောက်ရတာကလဲ သဘောတွေ့ပါပေရဲ့ဗျာ။ မှတ်မှတ်ရရ မနက်ဘက် စားခဲ့ရတဲ့ ထမင်းဆီဆမ်းက တယ်အရသာရှိသဗျာ။ ဆီဆမ်းထားတဲ့ ထမင်းပူပူပေါ်မှာ မြေပဲကြော်လေး လေးငါးစေ့လောက် ဖြူးပေးထားပြီး ကြက်ကြော်၊ ဒါမှမဟုတ် ကြက်ဥကြော်နဲ့ စားလို့ရတယ်။ အရန်ဟင်းလျာတွေအဖြစ် ပဲလုံးကြီးပြုတ်၊ ငရုတ်သီးကြော်၊ သရက်ချဉ်နဲ့ ရေနွေးကြမ်းမွှေးမွှေးလေး ချပေးထားတယ်။

❖ **မှတ်မှတ်ရရ မနက်ဘက်စားခဲ့ရတဲ့ ထမင်းဆီဆမ်းက တယ်အရသာရှိသဗျာ။ ဆီဆမ်းထားတဲ့ ထမင်းပူပူပေါ်မှာ မြေပဲကြော်လေး လေးငါးစေ့လောက်ဖြူးပေးထားပြီး ကြက်ကြော်၊ ဒါမှမဟုတ် ကြက်ဥကြော်နဲ့ စားလို့ရတယ်။ အရန်ဟင်းလျာတွေအဖြစ် ပဲလုံးကြီးပြုတ်၊ ငရုတ်သီးကြော်၊ သရက်ချဉ်နဲ့ ရေနွေးကြမ်းမွှေးမွှေးလေး ချပေးထားတယ်။ ပုဂံမြို့ထဲမှာ စားခဲ့ရတဲ့ထမင်းဆီဆမ်းကျတော့ တစ်မျိုး၊ အကြော်ထဲကဆိုရင် ကြက်ကြော်၊ အမဲကြော်၊ ဆိတ်သားကြော်၊ အသုပ်ထဲကဆိုရင် ကြာဆံသုပ်၊ အာလူးသုပ်၊ တညင်းသီးသုပ်၊ ရှောက်သီးသုပ်၊ လက်ဖက်သုပ် အစုံရတယ်ဗျာ၊ ဈေးကလဲ သက်သာပါပေရဲ့။** ❖

ပုဂံမြို့ထဲမှာစားခဲ့ရတဲ့ ထမင်းဆီဆမ်းကျတော့ တစ်မျိုး၊ အကြော်ထဲကဆိုရင် ကြက်ကြော်၊ အမဲကြော်၊ ဆိတ်သားကြော်၊ အသုပ်ထဲကဆိုရင် ကြာဆံသုပ်၊ အာလူးသုပ်၊ တညင်းသီးသုပ်၊ ရှောက်သီးသုပ်၊ လက်ဖက်သုပ် အစုံရတယ်ဗျာ၊ ဈေးကလဲ သက်သာပါပေရဲ့။ အကောင်းဆုံးကတော့ နေ့လယ်ဘက် အာနန္ဒာဘုရားဖူးပြီး ဝင်စားတဲ့ **"သရပါ (၃)"** ထမင်းဆိုင်ပါပဲဗျာ။ လူများလွန်းအားကြီးလို့ နေရာရအောင် နည်းနည်းတော့သည်းခံပြီး စောင့်ရတယ်။

**"သရပါ(၃)"**က အရင်ကတော့ ထိုင်ပြီဆိုတာနဲ့ ချက်သမျှဟင်းပွဲတွေ အကုန်လာချသွား။ ကြိုက်တဲ့ဟင်းကို ကြိုက်သလောက်စား စာရင်းရှင်းတော့ စားတဲ့ဟင်းပွဲအတွက်ကိုပဲ တွက်ယူတယ်။ မစားတဲ့ဟင်းပွဲဖိုးကို မယူဘူး။ အခုတော့ ဒီလိုမဟုတ်တော့ဘူး၊ ခေတ်အခြေအနေအရ ပြောင်းလဲသွားတယ်ထင်ပါရဲ့။ ဟင်းတစ်ပွဲ ငွေကျပ် ၁၅၀၀၊ ဟင်း၊ အရန်ဟင်းအစုံနဲ့ ထမင်းတစ်ပွဲ တစ်ခါပြင် ငွေကျပ် ၂၅၀၀၊ ထမင်းလိုက်ပွဲ ငွေကျပ် ၃၀၀၊ ဒါလဲ မဆိုးပါဘူး။ မြို့ကြီးပြကြီးတွေနဲ့စာရင် အများကြီးသက်သာတယ်ခေါ်ရမှာပေါ့။

ပုဂံကအစားအသောက်တွေထဲမှာ နောက်တစ်ခုကောင်းတာက "မုန့်ဟင်းခါး"ပဲ။ သူတို့ဒေသ အခေါ်က **"မုန့်ဟင်းခါးအရည်ဖျော်"**တဲ့။ ဇောက်နက်နက်ဟင်းသောက်ပန်းကန်ကြီးထဲမှာ ဘူးသီးကြော်၊ ငါးဖယ်ကြော်နဲ့ ဟင်းရည်တွေရွှဲရွှဲလောင်းထည့်လို့ တစ်ပွဲမှ ငွေကျပ် ၇၀၀၊ ၈၀၀ တဲ့ဗျာ။ ဈေးက သက်သာ၊ အရသာကလဲ မဆိုးဘူးနော်။

ညနေဘက် **"ရွှေဆံတော်ဘုရား"**ပေါ်ကို လှေကားထစ်အတိုင်း ဟိုး . . . ထိပ်ပိုင်းထိတက်ပြီး နိုင်ငံခြားသားဧည့်သည်တွေနဲ့အတူ **နေဝင်ရှုခင်း (Sun Set)** ကြည့်ရတာ အရသာတစ်ပါးပါပဲဗျာ။ အပေါ်ထိရောက်အောင်တက်နိုင်တဲ့ ကိုယ့်ကျန်းမာရေးကိုလဲ ကိုယ့်ကိုယ်ကိုယ် အားရကျေနပ်မိပါရဲ့။ ဘုရားပေါ်ကနေ ပုဂံဒေသပတ်ပတ်လည်ကို ကြည့်တော့ မြင်လိုက်ရတဲ့မြင်ကွင်းကလဲ **တကယ့်မဟာရှုခင်း Panorama** ပါပဲဗျာ။ ဘုရားပေါ်ကနေ အောက်ပြန်ရောက်တော့ မောမောနဲ့ဝယ်သောက်လိုက်ရတဲ့ အုန်းစိမ်းရည်ကလဲ တကယ့်ကိုကောင်းမှကောင်း။

ပုဂံမှာဘုရားစုံဖူး၊ နောက်တစ်နေ့ စွယ်တော်လေးဆူဖူးပြီး နောက်တစ်နေ့မှာ ပုပ္ပားဘက်ကူးခဲ့ပါတယ်။ ဗျတ္တပန်းဆက်လမ်းအတိုင်း ကားမောင်းသွားတော့ **"ကေသဝါမြေ"** သီချင်းကလေးကိုလဲ စိတ်ထဲက ညည်းမိပါရဲ့။ ပုပ္ပားတောင်မကြီးနဲ့ နီးလာလေလေ **"ပန်းပဲမောင်တင့်တယ် ... နတ်မောင်နှမရယ် ... ပျော်စံမြန်းတဲ့ နတ်နန်းကြီးတွေရှိရာဌာနဝယ် ... ပေါက္ကံပြည်ကို ပန်းတော်ဆက်တယ် ... ကိုရှုဗ္ဗနဲ့ မယ်ဝဏ္ဏ တူစုံမောင်မယ် ... ချစ်ကြိုးသွယ်နှောင် ရွှေမျဉ်းညီနောင် မွှားရာဒေသကွယ် ..."** ဆိုတဲ့ သီချင်းကို ရင်ထဲကနေမကတော့ဘဲ အပြင်ကိုထုတ်ပြီး ကျုပ်အသံဝါဝါကြီးနဲ့ မကြီးမငယ်အော်ဟစ်ပြီး ဆိုမိတဲ့ဘဝ ရောက်သွားရတယ်ဗျာ။ ပုပ္ပားခရီးက အဲဒီလောက်တောင် ဆွဲဆောင်မှုရှိခဲ့ပါတယ်။

ပုပ္ပားတောင်က ဈေးသည်တချို့လိုပဲ မျောက်တွေကလဲ ဆိုးတယ်ဗျာ။ တောင်ခြေကနေ တောင်ထိပ်ထိတက်သွားလေရာ နေရာတကာမှာ ဘေးဘယ်ညာဘယ်နေရာကြည့်ကြည့် မျောက်တွေကရှိတယ်ဗျာ။ စက္ကူကတော့ချွန်ကလေးတွေနဲ့ ထည့်ပြီးရောင်းတဲ့ ပဲခြမ်းစေ့ကလေးတွေ ဝယ်ပြီးကျွေးမိပါတယ်။ နည်းနည်းလေးတုံ့ဆိုင်းနေတာနဲ့ လူ့လက်ထဲကနေအတင်းလုယူတော့တာပါပဲ။ တချို့မျောက်တွေက မျက်မှန်၊ ပိုက်ဆံအိတ်နဲ့ ဖုန်းတွေကိုပါ လုယူထွက်ပြေးသွားတတ်တာကြောင့် သတိမပြတ်ထားပြီး ကျွေးနေရတယ်။

ပုပ္ပားကအပြန် လမ်းဘေးမှာ ပုံရောင်းနေတဲ့ သစ်သီးတွေကတော့ ဈေးချိုလှချေရဲ့ဗျာ။ နဂါးမောက်သီးနဲ့ မာလကာသီးတွေက ကြီးလဲကြီး၊ လှလဲလှ ဈေးကလဲ ပေါတယ်ခင်ဗျာ။

အပြန်ခရီးမှာ ဗျတ္တပန်းဆက်လမ်းတစ်နေရာက ထန်းရည်ဆိုင်ကလေးကတော့ အမိုက်စားခင်ဗျ၊ ထန်းပင်တွေကြားထဲက ထန်းလက်တွေမိုးထားတဲ့ ထန်းတဲကလေးအတွင်းမှာ ထန်းရည်အချိုကော၊ အခါးကော အကုန်ရတယ်ခင်ဗျာ။ ကြွေရည်သုတ်စဉ့်အိုးကလေးတွေထဲမှာ ထန်းရည်ကိုထည့်ပေးထားပြီး အုန်းမှုတ်ခွက် သေးသေးကလေးနဲ့လုပ်ထားတဲ့ ရေမှုတ်လေးနဲ့ခပ်ခပ်ပြီးသောက်ရတာ အရသာရှိလိုက်တာဗျာ။ နေကျော် ထန်းရည်ခါးကလေးက အမြုပ်ကလေးတွေတစီစီနဲ့ ရှတရှတ ရှိန်းမြမြလေး မင်းကြိုက်စိုးကြိုက် ကာလသားတွေနဲ့ လားလားမှမထိုက်ဆိုတာ ဒါမျိုးပေါ့ဗျာ။ တကယ့် နတ်သုဓာအစစ်။

အချိုကော၊ အခါးကော၊ သောက်ချင်သလောက် အားရပါးရသောက်ကြပြီး "ပြန်တော့မယ် ဘယ်လောက်ကျသလဲ"ဆို ပေးချင်သလောက်သာ ပေးပါတဲ့။ ဩော် . . . အညာရပ်မြေ ဒီဌာနေမှာ အဲဒီလိုဆိုင်မျိုးလဲ ရှိနေသားခင်ဗျ။

ဆိုင်ရှင်တွေက အဖိုးမသတ်မှတ်ပေမဲ့ ကျုပ်တို့ကလဲ ဈေးနှိမ်တယ်မဆိုရအောင် ထိုက်သင့်သည်ထက် မြိုးမြိုးမြက်မြက်ကလေးပိုပေးပြီး လမ်းဘေးက ထန်းရည်ဆိုင်ကလေးနဲ့ ပုပ္ပားတောင်မကြီးကို ကောင်းလင့်တည်း . . . ကောင်းလင့်တည်း"လို့ အပီရေရွတ်ပြီး နှုတ်ခွန်းဆက်လို့ ပြန်ထွက်ခဲ့ပါတယ်ခင်ဗျာ။

**မင်းယဉ်စု**

## ပန်းတောင်းမြို့နယ် ဒေါင်းတိုက်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ပန်းတောင်း ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ဒေါင်းတိုက်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမာ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဒေါင်းတိုက်ကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဒေါင်းတိုက်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမာက ပြောပြ၍ သိရသည်။



**မင်းမြင့်မိုရ်**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## နော်ဝေနိုင်ငံက မျိုးဆက်သစ် Leopard တင့်ကား ၅၄ စီး ဂျာမနီထံမှ ဝယ်ယူမည်



နော်ဝေနိုင်ငံသည် မျိုးဆက်ဟောင်း Leopard 2 တင့်ကား ၅၄ စီးကို အစားထိုးရန်အတွက် မျိုးဆက်သစ် Leopard 2 တင့်ကား ၅၄ စီးကို ဂျာမနီထံမှ ဝယ်ယူမည်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်း အခက်ခဲဆုံးသောလုံခြုံရေးအခြေအနေများကို ရင်ဆိုင်နေရကြောင်း ဖေဖော်ဝါရီ ၃ ရက်က နော်ဝေဝန်ကြီးချုပ် Jonas Gahr Store က ထုတ်ဖော်ပြောကြားခဲ့သည်။

နှစ်အတော်ကြာစီစဉ်ခဲ့သည့် အဆိုပါ မှာယူမှုသည် နော်ဝေနိုင်ငံတွင် ၎င်း၏ သက်တမ်းကြာမြင့်ပြီဖြစ်သော Leopard 2A4 တင့်ကား ၃၆ စီးကို အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပြီး ကျန်ရှိနေသော အချို့တင့်ကားများကို ယူကရိန်းသို့ ပေးသွားမည်ဖြစ်သည်။

ဂျာမနီနိုင်ငံကာကွယ်ရေးပစ္စည်းထုတ်လုပ်သူ Krauss-Maffei Wegmann က Leopard 2A7 ဝယ်ယူရေးသည် ပါလီမန်မှအတည်ပြုပြီးဖြစ်သည့် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

တင့်ကားများဝယ်ယူမှုအတွက် ကုန်ကျစရိတ်အတိအကျကိုမူ မဖော်ပြထားပေ။ နောက်ထပ် Leopard 2A7 တင့်ကားအသစ် ၁၈ စီးစာအတွက်လည်း ပါဝင်နေသေးသည်။

"ဒုတိယကမ္ဘာစစ်နောက်ပိုင်း အခက်ခဲဆုံးလုံခြုံရေးအခြေအနေတစ်ခုမှာ ကျွန်တော်တို့ကိုယ်တိုင် ကြုံတွေ့နေရပါတယ်"ဟု နော်ဝေဝန်ကြီးချုပ် Jonas Gahr Store မှ Rena စစ်စခန်းရှိ သတင်းထောက်များကို ပြောကြားခဲ့သည်။

"ရုရှား-ယူကရိန်း အထူးစစ်ဆင်ရေးကြောင့် ကျွန်တော်တို့မှာ ဆိုးရွားတဲ့အခြေအနေတွေရှိနေပါတယ်။ ကျွန်တော်ကတော့ ဒါကို သံမဏိလိုက်ကာ (၁၉၈၉ ခုနှစ် အရှေ့ဥရောပတွင် နိုင်ငံရေးဖြစ်ရပ်များနောက်ဆက်တွဲဖြစ်ခဲ့သော ကွန်မြူနစ်ဝါဒကျဆင်းမှုမတိုင်မီ ယခင် ဆိုဗီယက်အုပ်စုနှင့် အနောက်အုပ်စုကို ခွဲခြားထားသော အယူအဆဆိုင်ရာ အတားအဆီးတစ်ခုကို ရည်ညွှန်းပါသည်။)လို့ခေါ်ချင်ပါတယ်"ဟု ဝန်ကြီးချုပ် Jonas က ဆိုသည်။

Leopard တင့်ကားများကို ရွေးချယ်မှုသည် စကင်ဒီနေးဗီးယားနိုင်ငံအား NATO အဖွဲ့တွင် ပါဝင်ရန်ကြိုးပမ်းနေသော ဆွီဒင်နှင့် ဖင်လန်အပါအဝင် စကင်ဒီနေးဗီးယားနိုင်ငံတို့နှင့် လိုက်လျောညီထွေဖြစ်စေမည်ဖြစ်ကြောင်း နော်ဝေအစိုးရက ပြောကြားခဲ့သည်။

ပထမအကြိမ်လွှဲပြောင်းပို့ဆောင်မှုကို လာမည့် ၂၀၂၆ ခုနှစ်တွင် စတင်လက်ခံနိုင်ရန် မျှော်လင့်ထားပြီး စာချုပ်သက်တမ်းမှာ ၂၀၃၁ ခုနှစ်ထိ အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်သည်။

၂၀၀၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံမှ ဝယ်ယူခဲ့သော နော်ဝေနိုင်ငံ၏ Leopards ၅၂ စီးအနက် ၃၆ စီးသာ အကောင်းတိုင်းအသုံးပြုနိုင်နေဆဲဖြစ်သည်။

အဆိုပါ လက်ကျန်တင့်ကားအချို့ကို ယူကရိန်းသို့ အခမဲ့ပေးပို့မည်ဟု ဇန်နဝါရီနှောင်းပိုင်းတွင် နော်ဝေနိုင်ငံက ကြေညာခဲ့သော်လည်း မည်မျှနှင့် မည်သည့်အချိန်တွင် ပေးပို့မည်ကို အတိအကျ မဖော်ပြထားပေ။

**Norway to Buy 54 New Generation Leopard Tanks ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီက တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်တစ်စုံ ယူကရိန်းသို့ပေးပို့မည်

ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီသည် ယူကရိန်းသို့ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်တစ်စုံပေးပို့ရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း www.thedefense-post.com တွင် ဖေဖော်ဝါရီလ ၃ ရက် သတင်းများ၌ ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တောင်ဘက်ရှိ Thales ကုမ္ပဏီ၏ Limours စက်ရုံတွင် ဖေဖော်ဝါရီ ၁ ရက်က အပြီးသတ်သဘောတူညီမှုချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး Thales ကုမ္ပဏီမှ ကိုယ်စားလှယ်၊ ပြင်သစ်နိုင်ငံကာကွယ်ရေးဝန်ကြီး Sebastien Lecornu နှင့်အတူ ယူကရိန်းကာကွယ်ရေးဝန်ကြီး Oleksii Reznikov တို့ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါစာချုပ်အရ ကုမ္ပဏီမှ GM 200 ရေဒါ၊ ရေဒီယိုဆက်သွယ်ရေးစနစ်၊ လေကြောင်းပစ်မှတ်ရှာဖွေထောက်လှမ်း၊ စိစစ်ခွဲခြားမှုစနစ်များ၊ ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးဌာနတို့လည်း ပါဝင်သည်။

တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်များ ပံ့ပိုးပေးခြင်းဖြင့် ယူကရိန်းနိုင်ငံကို ကာကွယ်ရာတွင် ပါဝင်ဆောင်ရွက်ရခြင်းအတွက် Thales အနေဖြင့် ဂုဏ်ယူပါသည်ဟု Thales ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Patrice Caine က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီ၏အဆိုအရ GM200 လေကြောင်းရန်ကာကွယ်ရေးစနစ်သုံးရေဒါသည် ယူကရိန်းတပ်ဖွဲ့များကို ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများကဲ့သို့ ဝေဟင်မှ ခြိမ်းခြောက်မှုများကို ထောက်လှမ်းခြေရာခံနိုင်စေမည်ဖြစ်သည်။

GM200 ရေဒါသည် စောင့်ကြည့်ရေးမုဒ်တွင် နယ်ပယ်တစ်ခုကို အကွာအဝေး ကီလိုမီတာ ၂၅၀ (၁၅၅ မိုင်) နှင့် တိုက်ပွဲဝင်ရေးမုဒ်တွင် အကွာအဝေး ကီလိုမီတာ ၁၀၀ (၆၂ မိုင်) ထိ လွှမ်းခြုံထောက်လှမ်းနိုင်စွမ်းရှိသည်။

ရေဒါ၏ အချိန်ပြည့်လုပ်ဆောင်မှုနည်းလမ်းတွင် ရန်သူဝေဟင်ပစ်မှတ်များကို အင်တင်နာတစ်ပတ်လျှင် မြင်ထောင့် ၇ ဒီဂရီ မှ ၇၀ ဒီဂရီထိ အလိုအလျောက် ဖမ်းယူထောက်လှမ်းနိုင်သည်။

GM200 ရေဒါကို ပြင်သစ်၊ ဂျော်ဂျီယာ၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ စင်ကာပူနှင့် UAE နိုင်ငံတို့တွင်တပ်ဖြန့်အသုံးပြုလျက်ရှိကြသည်။ ယူကရိန်းသို့ ပံ့ပိုးပေးမည့်ပုံစံကို သတ်မှတ်ထားခြင်းမရှိသော်လည်း ရေဒါကို ပေ ၂၀ ရှည် ISO ကွန်တိန်နာပေါ်တွင် သို့မဟုတ် ၆ ဘီးတပ် ထရပ်ကားနောက်ဘက်တွင် ကျစ်လျစ်သောပုံစံမျိုးဖြင့် တပ်ဆင်အသုံးပြုထားနိုင်သည်။

ပြင်သစ်နှင့် ဩစတြေးလျတို့က ယူကရိန်းတပ်ဖွဲ့များကို ပံ့ပိုးရန်အတွက် 155mm ခဲယမ်းမီးကျောက်များ နှစ်နိုင်ငံ ပူးတွဲပေးအပ်မည်ဟု ကြေညာပြီးနောက် ရက်ပိုင်းအကြာတွင် လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်အတွက် ထပ်မံ၍ စာချုပ်ချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။



**Thales to Deliver Short-Range Air Defense System to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆော်ဒီအာရေဗျနိုင်ငံက တိုက်ခိုက်ရေးစစ်သင်္ဘောများအတွက် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များဝယ်ယူရန် MBDA ကုမ္ပဏီကို ရွေးချယ်

ဆော်ဒီအာရေဗျနိုင်ငံသည် ၎င်း၏ ဘက်စုံသုံးပင်လယ်ပြင် တိုက်ခိုက်ရေးစစ်သင်္ဘောများအတွက် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ ဝယ်ယူတပ်ဆင်ရန် အမေရိကန်နိုင်ငံ MBDA ကုမ္ပဏီကို ရွေးချယ်ခဲ့ကြောင်း သိရသည်။



အမေရိကန်ဒေါ်လာ ၁၄၅ သန်းတန် စာချုပ်အရ ကုမ္ပဏီသည် Fincantieri Marinette Marine နှင့် ပူးပေါင်းကာ Common Anti-Air Modular Missile (CAMM) ဒုံးကျည်ကို ထုတ်လုပ်ပြီးနောက် လွှဲပြောင်းပေးအပ်ရမည်ဖြစ်သည်။

MBDA ကုမ္ပဏီ၏အဆိုအရ ၎င်း၏ CAMM လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်တွင် လေကြောင်းခြိမ်းခြောက်မှု ပစ်မှတ်များအားလုံးကို ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးနိုင်ရန် အဆင့်မြင့်နည်းပညာများပါရှိကြောင်း သိရသည်။

CAMM ဒုံးကျည်တွင် ပင်လယ်ရေပြင်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် Clutter နှောင့်ယှက်လှိုင်းများကို ငြင်းပယ်နိုင်သောစွမ်းရည်များပါရှိပြီး ရာသီဥတုမရွေး လုပ်ဆောင်နိုင်သော Active RF Seeker အာရုံခံကိရိယာ တပ်ဆင်အသုံးပြုထားသည်ဟု ကုမ္ပဏီ၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စာချုပ်အရ အကောင်အထည်ဖော်လုပ်ဆောင်ရမည့်အလုပ်များကို အင်္ဂလန်နှင့် အမေရိကန်တွင် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီတွင် အပြီးသတ်နိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။

၂၀၁၅ ခုနှစ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဆော်ဒီအာရေဗျသို့ ဘက်စုံသုံးတိုက်ခိုက်ရေးရေယာဉ် လေးစီး ရောင်းချရန် သဘောတူညီခဲ့သည်။

အဆိုပါ တိုက်ခိုက်ရေးရေယာဉ်များတွင် Raytheon ကုမ္ပဏီထုတ် RIM-162 Evolved Sea Sparrow Missiles လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် Sea RAM အနီးကပ်ပစ်ကာကွယ်ရေး လက်နက်စနစ်များ တပ်ဆင်ထားမည်ဟုဆိုသည်။

သို့သော်လည်း Lockheed Martin ကုမ္ပဏီသည် ယခင်နှစ်က ပါရီမြို့တွင် ပြုလုပ်သည့် ကာကွယ်ရေးကုန်စည်ပြပွဲ၌ အဆိုပါ တိုက်ခိုက်ရေးရေယာဉ်များတွင် CAMM ဒုံးကျည်ကို အစားထိုးတပ်ဆင်သွားလိမ့်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

**Saudi Arabia Picks MBDA Surface-to-Air Missiles for Combat Ships ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# SAC Chairman Prime Minister Senior General Min Aung Hlaing meets industrial zone committee chairmen and members of various industrial zones, MSME entrepreneurs from Yangon Region






Senior General Min Aung Hlaing meets entrepreneurs at Hlinethaya Industrial Zone.

**Nay Pyi Taw February 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing met with industrial zone committee chairmen and members of various industrial zones in Yangon Region and MSME entrepreneurs at Kanaung Hall of Hlinethaya Industrial Zone and discussed industrial development this afternoon.

Also present at the meeting together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC member Admiral Tin Aung San, Union ministers, Yangon Region Chief Minister U Soe Thein, senior military officers from the Office of the Commander-in-Chief and regional and district level departmental officials.

**Reports on industrial zone operations and difficulties and requirements facing industrial zones**

Hlinethaya Industrial Zone Chairman U Ohn Hsaing reported on industrial operations in the zone, manufacturing of goods from the factories, the need for full electricity supply for better operations, the need for getting import permits quickly in importing industrial raw materials and spare parts for import substitute, and the need for the State to purchase high-tech products locally manufactured.

The industrial zone committee members and entrepreneurs reported on the need to take action against those illegally living in the industrial zones in accord with the law, the need for full power supply essential for zone functioning, arrangements for transport of factor staff, the need for appointing health staff in the townships where the industrial zones are located, the need to speed up measures for the rule of law in the industrial regions and State assistance for improving quality of garment factories.

The region chief minister discussed matters to be coordinated with those presented for the development of industrial zones in the region and national economic growth.

**Sector-wise discussions**

In response to the reports, the Union ministers explained activities being carried out by respective ministries, speedy measures being taken to fulfill the requirements of the entrepreneurs in accord with the rules and regulations and the need to contact respective ministries to receive necessary technologies in the industrial sector.

*See Page 14*



Senior General Min Aung Hlaing inspects products of a factory in Hlinethaya Industrial Zone.



Senior General Min Aung Hlaing hears report on manufacturing process.



Senior General Min Aung Hlaing hears report on products of Htoo Thit Food Capsule Factory.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects fish breeding tasks in Shwe Muyin and Fisheries Institute (Twantay)



Senior General Min Aung Hlaing hears report on fish farming of Shwe Muyin.




**Nay Pyi Taw February 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint Secretary Lt-Gen Ye Win Oo and Member Admiral Tin Aung San of the SAC, union ministers, Chief Minister U Soe Thein of Yangon Region, senior officers from the Office of the Commander-in Chief of Defence Services, Yangon Region Commander Maj-Gen Nyunt Win Swe, the mayor and officials, inspected fish breeding tasks in Shwe Muyin in Twantay Township and Fisheries Institute (Twantay) this morning.

First, Yangon Region Chief Minister U Soe Thein and Chairman of Myanmar Economic Holding Public Company Ltd Lt-Gen San Oo and the Yangon Region Commander reported to the Senior General on fish breeding tasks of Yangon Command and the Myanmar Economic Holding Public Company Ltd, distribution fish to defence service personnel, war veterans, departmental personnel and consumers at reasonable prices, production of animal feed including fishery feed of the factory of Yangon Region Command and construction of the Kin Village-Khayanwa-Yetwingone-Kwinpauk concrete road to distribute fish products smoothly into the market.

After hearing the reports, Senior General said manufacturing livestock products by establishing agriculture and livestock breeding zones in Yangon Region aims at contributing to sufficiency of meat, fish and vegetables in Yangon Region and enabling the public to consume the products at reasonable prices. Fish breeding tasks are being carried out in Shwe Muyin aims at fulfilling the daily fish need of Yangon Region, which has a population of 9 million and the demand exceeds the supply if a Yangonite consumes five ticals of fish every day. It is beneficial to produce enough fish in Yangon region rather than importing fish from Ayeyarwady and other region to meet the demand and to distribute enough fish to local residents at reasonable prices. Therefore, it is necessary to produce more fish at lower costs. If production costs are low, it is beneficial for the public, who will be able to consume fish nutrients, as well as for the region where fish breeding tasks are carried out.




Senior General Min Aung Hlaing meets officials of Fisheries Institute (Twantay).

To do so, it is necessary to utilize the livestock breeding land beneficially, to feed fish sufficiently to boost production and to replenish fingerling stocks in breeding ponds. Officials from the regional government are required to cooperate with relevant ministry officials to acquire appropriate fish species. The government is ready to provide other necessary assistance. Production of animal feed, which is included in the small and medium enterprise, must be encouraged and animal feed must be produced from raw materials available in the region. It is important to cooperate with pharmaceutical factories to acquire necessary animal medicines.

Transportation is vital to distribute livestock products to the market immediately and cheaply. Although livestock products can be manufactured at low costs, if transportation routes are long and difficult, costs will be higher. Therefore, it is necessary to conduct surveys on production routes by making field visits properly. Transportation routes must be actually beneficial for the region and production. It is important to distribute fish from Shwe Muyin after processing by using cold storage vehicles. Fish breeding tasks must be systematic and contribute to regional residents.

Then, the Senior General and party inspected the breeding of fish in ponds and gave necessary instructions.

Afterwards, the Senior General and party continued to the Fisheries Institute (Twantay) of the Fisheries Department of the Ministry of Agriculture, Livestock and Irrigation and met with instructors and students.

Firstly, Director-General of Fisheries Department U Wai Lin Maung reported on subject-wise training courses being conducted theoretically and practically, brief history of Institute of Fisheries (Twantay), construction of building, assistance for the students by the State,



Senior General Min Aung Hlaing hears report on the Fisheries Institute (Twantay).

*See Page 14*



Senior General Min Aung Hlaing feeding fish at a farm.

*From Page 13*

further study plan after the courses, matters on faculty members and personnel of the institute, excursion trips of students and sports activities, and the need for sustainable development of the institute. Union Minister for Agriculture, Livestock and Irrigation U Min Naung presented an additional report.

Then, the Senior General delivered a speech. In his speech, he said our nation is rich in rivers, creeks and lakes and owns a long coastline. As there are many sites to operate fish farming in the nation, a plan was made to open an institute on fisheries. As fish is of much support to food security, it is necessary to make research work in order to ensure adequate fish through systematic farming. Research is needed for development of freshwater prawn and seawater prawn farming. It is necessary to have good human resources to achieve success in the fish and prawn livestock industry. I am proud of learning that experts will be born from this institute. To further study advanced academic subjects, efforts will be made to be able to open a university and colleges. In the coming academic year, courses on agriculture, livestock, technology and mechanism will be conducted at high schools in 50 districts across the country. Outstanding students from those courses could continue to study advanced subjects.

Depending on education, this livestock institute will be upgraded to a college. Human resources needed for the nation could be produced from this institute. Faculty members are to systematically teach the students and it will be very beneficial. After the courses, the students are to join businesses agreed with the subjects learned at the institute. Being a right man in the right place is of much help to the development of the nation. When being at work, subjects learned should be systematically applied to ensure better business knowledge. It is necessary for students to learn English as an assistance to learn subjects.

Students are not only to learn subjects but to make self-studies for better development of knowledge. It is necessary to do physical exercises in free time for better health. On the other hand, students need to stay away from liquor, cigarettes, betel, and narcotic drugs. If self-control is exercised to stay disciplined with a teaching of religion, they will become polite, good youths.

Afterwards, the Senior General presented teaching and learning aids and cash assistance for the students through Daw Moe Thuzar Maung, principal of the institute.

Later, the Senior General and party took a tour of the Fisheries Institute (Twantay) and gave necessary instructions to officials.

The Fisheries Institute (Twantay) was launched on December 12, 2022 as the first and ever institute on fisheries with the guidance by the Chairman of State Administration Council and Prime Minister to ensure development of fishery technology and have job opportunities. The institute now has 18 male students and 23 female students for the first year course. Depending on the result of academic years, there is a plan to upgrade it to a college.

100



Workers harvesting fish.

*From Page 12*

**Encourage local manufacturing**

In his speech, the Senior General said MSMEs are being encouraged to focus on local manufacturing for national economic development. Manufacturing relies on the availability of raw materials. There will be trade activities only if there is production. Raw materials can be acquired from agricultural and livestock breeding businesses. Textile requires raw cotton. A person needs to wear clothes from the cradle to the grave. Cotton produced from the country is still low in quality. Encouragement is being given for production of long staple cotton. Only high-quality textile can produce high-quality clothing. The target has been set to produce enough and export surplus.

When it comes to food security, improved paddy yields can ensure export. It is necessary to increase per-acre yield rather than extending cultivation acreage. MSME production activities can be carried out based on paddy products. Likewise, oil crop yields must be increased. Without having enough edible oil and fuel oil, the country has to import them yearly.

**Efforts being made to obtain sufficient electricity**

In order to obtain sufficient electricity in the country, hydroelectric and solar power generations are being implemented. During the previous two terms of the democratic government, some hydroelectric power generation projects across the country were delayed, suspended and cancelled. Now, our government is re-implementing the hydroelectric power generation projects. In the same way, efforts are being made to implement solar power generation as well as wind power generation. It will be very beneficial if the factory workers can run their business using solar energy production.

If enough electricity can be produced, the public transportation system that uses electricity can be used, and fuel consumption can be greatly reduced. At the present time, it is better to transport the goods by railway which is cheaper. Tax rates have been waived for the import of electric vehicles. Power Stations for electric vehicles have started to be built, and will continue to be built in busy roads and cities.

**Encourage and promote manufacturing activities that use locally produced raw materials**

We need to focus on manufacturing activities that use domestically produced industrial raw materials. There is a lot of plastic usage in our country, so we need to reduce it. Tires needed for vehicles cannot be produced locally, so we have to import them from abroad every year. If the rubber-based tire manufacturing activities are carried out, the state will encourage and assist them. Similarly, by using bamboo and forest products, it is possible to produce soft paper we needed. Using agricultural products, forest products and natural resources produced in the country, if the foreign imports needed by the country can be produced at a high level, it will bring many benefits to the country.

In all districts and townships, industrial zones are being established to produce industrial products. We are encouraging the manufacturing industries and we can guarantee that there will be no damage to manufacturing industries, businesses and economy. If manufacturing activities will develop, the country will develop, the Chairman said.

After the meeting, the Chairman of the SAC and members warmly greeted the attendees.

After that, the SAC Chairman and members arrived at Ever Rich International Production Factory and Htoo Thit Food Capsule Factory in Hlaingthayar Industrial Zone, where the officials explained the working conditions.

Based on the presentations, the SAC Chairman discussed the necessary things, viewed the factory products on display, and toured the working conditions of the factories.

100

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# ငွေဆောင်မြို့တွင် နွေစပါး ၁၉၅၄ ဧက လျာထားစိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ငွေဆောင်မြို့တွင် ယခုနှစ်၌ နွေစပါး ၁၉၅၄ ဧကလျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ငွေဆောင်မြို့တွင် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးလျာထား ၁၉၅၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးလျာထား ၁၉၅၄ ဧကကို ဖေဖော်ဝါရီလပထမပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"နွေစပါးစိုက်ပျိုးရာသီမှာ နွေစပါး ၁၉၅၄ ဧကကို လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ နွေစပါးတွေလျာထားချက် ပြည့်မီအောင် စိုက်နိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့ပြင် တောင်သူတွေ နွေစပါးစိုက်ပျိုးဖို့ရာအတွက် စိုက်ပျိုးရေးသွင်းအားစုတွေနဲ့ အခြားလိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးနေပါတယ်။ နွေစပါးကို သက်တမ်းတို အထွက်နှုန်းကောင်း စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးမှာဖြစ်ပါတယ်" ဟု ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြသည်။

အဆိုပါ စိုက်ပျိုးမည့်နွေစပါးများ အထွက်နှုန်းကောင်းစေရန်၊ ထွက်ရှိလာမည့် စပါးများအရည်အသွေးကောင်းစေရန်၊ စပါးတစ်ကျေချင်း အထွက်ညီစေရန်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန် စသည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ နွေစပါးလျာထား ၁၉၅၄ ဧကတွင် သက်တမ်းတိုနှစ်လစပါးအမျိုးအစားကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မုံးဝီး-ပြင်လုံ(ရတနာမြေ)လမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နမ့်ခမ်း ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် လမ်းဦးစီးဌာနက နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မုံးဝီး-ပြင်လုံ (ရတနာမြေ)လမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မူဆယ်ခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဆွေသက်နှင့် တာဝန်ရှိသူများက နမ့်ခမ်း-မုံးဝီး-ပြင်လုံ (ရတနာမြေ)လမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်း(၁)နှင့် ကတ္တရာခင်းခြင်းလုပ်ငန်း(၂) ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြပြီး နမ့်ခမ်းမြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးထွန်းကြိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မုံးဝီး-ပြင်လုံ(ရတနာမြေ) လမ်းတွင် အရှည် ၅ ဒသမ ၀၅ ဖာလုံ၊ အကျယ် ၁၂ ပေရှိ ကတ္တရာခင်းခြင်းလုပ်ငန်း(၁)ကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၄၇ သန်းဖြင့်လည်းကောင်း၊ အရှည် ၆ ဒသမ ၈၅ ဖာလုံ၊ အကျယ် ၁၂ ပေရှိ



ကတ္တရာခင်းခြင်းလုပ်ငန်း (၂)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၈၇ သန်းဖြင့်လည်းကောင်း နမ့်ခမ်းမြို့နယ် လမ်းဦးစီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်၊ ကျောက်မဲခရိုင် နမ္မတူမြို့နယ်နှင့် မန်တုံမြို့နယ်တို့သို့ ရာသီမရွေးသွားလာအသုံးပြုနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကျေးသီးမြို့နယ် ဝမ်မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျေးသီး ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဟိုပုံကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၂သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဝမ်ပိုင်ကျေးရွာနှင့် ဝမ်မိုင်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၄၀ ကို အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၄၄၂ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချိုသန်းညွန့်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၂-၂၀၂၃**

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |

**(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၉၅ |
| ရေနံဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တွံတေးမြို့နယ် ကင်းရွာ–ခရမ်းဝ–ရေတွင်းကုန်း–ကွင်းပေါက်လမ်း ကွန်ကရစ်လမ်းသစ်ဖောက်လုပ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

၂၂ ရှေ့ဖုံးမှအဆက်

ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ရွှေမုယင်းဒေသအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့်ငါးများကို တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းများနှင့် ပြင်ပသို့ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနိုင်မှု၊ တိုင်းစစ်ဌာနချုပ် အစာစပ်စက်ရုံမှ ငါးစာအပြင် အခြားသော မွေးမြူရေးအစာများထုတ်လုပ်နိုင်မှု၊ ငါးမွေးမြူရေးဧရိယာအတွင်း မွေးမြူရေးလုပ်ငန်းများကို လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်လျက်ရှိမှု၊ ရွှေမုယင်းဒေသမှ ငါးထွက်ကုန်များကို ပိုမိုလျင်မြန်ချောမွေ့စွာ ဈေးကွက်သို့ ဖြန့်ချိနိုင်ရေးအတွက် ကင်းရွာ-ခရမ်းဝ-ရေတွင်းကုန်း-ကွင်းပေါက်လမ်း ကွန်ကရစ်လမ်းသစ်ဖောက်လုပ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ သတ်မှတ်၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်စေခြင်းသည် တိုင်းဒေသကြီး၏ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ဖူလုံမှုရှိစေရေးနှင့် ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်**ကြောင်း၊ ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်စေခြင်းသည်လည်း တိုင်းဒေသကြီးအတွင်း ငါးလိုအပ်ချက်ပြည့်မီစေရေး ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ **ရန်ကုန်တိုင်းဒေသကြီးတွင်လူဦးရေ ကိုးသန်းခန့်ရှိပြီး လူတစ်ဦးလျှင် တစ်ရက်ငါးအသား၊ ငါးကျပ်သားခန့် စားသုံးမည်ဆိုလျှင်ပင် လိုအပ်ချက်များစွာ ရှိနေမည်ဖြစ်**ကြောင်း၊ နေ့စဉ် ငါးလိုအပ်ချက်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်သွင်းနေရခြင်းထက် မိမိတို့ဒေသအတွင်း ပြည့်မီအောင်ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ငါးမွေးမြူရေးလုပ်ငန်းကို ထုတ်လုပ်မှုကုန်ကျစရိတ်နည်းစွာဖြင့် အရေအတွက်များများရရှိအောင် ဆောင်ရွက်ကြရန်လို**ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာပါက ပြည်သူလူထု အကျိုးရှိမည်ဖြစ်ပြီး အာဟာရပြည့်မီအောင်စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့်ဒေသ၏ အကျိုးကိုလည်း ဖြစ်ထွန်းစေရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးမြေဧရိယာများကို အကျိုးရှိရှိ အသုံးချရန်လိုပြီး အထွက်နှုန်းတိုးစေရေးအတွက် အစာပြည့်ဝစွာကျွေးမွေးရန်၊ အကောင်ရေပြည့်မီစွာ ထည့်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငါးမျိုးများ မှန်ကန်စွာရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြားလိုအပ်သည်များကို အစိုးရက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းတစ်ခုဖြစ်သည့် တိရစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒေသတွင်းရရှိသည့် ကုန်ကြမ်းများဖြင့် ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ အခြားလိုအပ်သည့် တိရစ္ဆာန်ဆေးဝါးများ ရရှိရေးအတွက်လည်း ဆေးဝါးစက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ဒေသတွင်းမှထွက်ရှိသည့် မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်သို့လျင်မြန်စွာရောက်ရှိစေရေးနှင့် ဈေးနှုန်းသက်သာစေရေးအတွက် သယ်ယူပို့ဆောင်ရေးသည် အရေးကြီး**ကြောင်း၊ ထုတ်ကုန်ကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်သည်ဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းရှည်လျားခြင်း၊ ခက်ခဲခြင်းတို့ကြောင့် စရိတ်များကြီးမြင့်လာနိုင်သဖြင့် ကုန်ထုတ်လုပ်မှုလမ်းကြောင်းကို ဆောင်ရွက်ရာတွင် စနစ်တကျကွင်းဆင်းစစ်ဆေးပြီး တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ အမှန်တကယ်အသုံးဝင်ပြီး ဒေသနှင့်ကုန်ထုတ်လုပ်မှုကို အကျိုးပြုသည့် လမ်းကြောင်းဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ရွှေမုယင်းဒေသမှထွက်ရှိသည့် ငါးများကို ကနဦး ပထမအဆင့်သန့်စင်ပြီး အအေးခန်းပို့ဆောင်ရေးယာဉ်များ အသုံးပြု၍ ဈေးကွက်သို့ဖြန့်ချိနိုင်ရေး ဆောင်ရွက်နိုင်ရန်လည်းလိုကြောင်း၊ **စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းဖြစ်ရန်လိုပြီး ဒေသနှင့် ဒေသခံများကိုလည်း အကျိုးဖြစ်စေရမည်ဖြစ်**ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငါးမွေးမြူရေးကန်များအတွင်း ငါးမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှ အုပ်ချုပ်မှုတာဝန်ခံများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူဇာမောင်အား ကျောင်းသား၊ ကျောင်းသူများအသုံးပြုရန် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းသိပ္ပံ (တွံတေး)သို့ရောက်ရှိကြပြီး အုပ်ချုပ်မှုတာဝန်ခံများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

ဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ငါးလုပ်ငန်းသိပ္ပံ (တွံတေး)၏ သမိုင်းအကျဉ်း၊ အဆောက်အအုံများ ဆောက်လုပ်နေမှု၊ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်က ထောက်ပံ့ပေးထားမှု၊ သင်တန်းပြီးဆုံးပါက တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်လျက်ရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ လေ့လာရေးခရီးများနှင့် ကျောင်းအားကစားပွဲများ ပြုလုပ်ပေးမှုနှင့် ကျောင်းရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဖြည့်စွက်တင်ပြသည်။ **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းသိပ္ပံ(တွဲဘေး)အတွင်း လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၈ မှအဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် မြစ်ချောင်းအင်းအိုင်များပေါများပြီး ပင်လယ်ကမ်းရိုးတန်း ရှည်လျားစွာ ပိုင်ဆိုင်ထားကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်သည့် နေရာများစွာရှိခြင်းကြောင့် ငါးမွေးမြူရေးနှင့် ပတ်သက်၍ သိပ္ပံကျောင်းဖွင့်နိုင်ရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ ငါးသည် စားရေးအတွက် များစွာအထောက်အကူပြုစေနိုင်သည့်အတွက် ငါးလုံလောက်စွာရရှိရေး စနစ်တကျဖြင့် မွေးမြူနိုင်ရန်အတွက် သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ရေချိုပုစွန်နှင့်ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း သုတေသနပြုလုပ်ရန်လိုကြောင်း၊ **ငါးနှင့် ပုစွန်မွေးမြူရေးအောင်မြင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်ပြီး** ယခုကျောင်းမှတစ်ဆင့် ပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်သဖြင့် ဂုဏ်ယူပါကြောင်း၊ **အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန်အတွက် သိပ္ပံကျောင်းမှတစ်ဆင့် တက္ကသိုလ်နှင့် ကောလိပ်များကို ဖွင့်လှစ်ပေးသွားမည်ဖြစ်**ကြောင်း၊ **နိုင်ငံတစ်ဝန်း ခရိုင် ၅၀ ရှိ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာနှင့် စက်မှုသင်တန်းများကို လာမည့်ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် နည်းပညာဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း။

ပညာသင်ကြားမှုများအပေါ် မူတည်၍ ယခုမွေးမြူရေးသိပ္ပံကျောင်းကို ကောလိပ်အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်တတ်မြောက်စေရေးအတွက် စနစ်တကျဖြင့် သင်ကြားလေ့ကျင့်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည့် အချိန်တွင်လည်း သင်ကြားခဲ့သည့် ဘာသာရပ်များနှင့် လျော်ညီသည့် လုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း၊ **လူမှန်၊ နေရာမှန်ရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်**ကြောင်း၊ လုပ်ငန်းခွင်သို့ ရောက်ရှိချိန်တွင်လည်း သင်ကြားပေးလိုက်သည့် ပညာရပ်များကို စနစ်တကျအသုံးချပြီး မိမိတို့၏ လုပ်ငန်းရပ်ဆိုင်ရာပညာများ ပိုမိုတိုးတက်အောင် လေ့လာဆောင်ရွက်ကြစေလိုကြောင်း၊ ဘာသာရပ်ဆိုင်ရာများတွင် အထောက်အကူရရှိစေရေးအတွက် အင်္ဂလိပ်ဘာသာရပ်ကို လေ့လာသင်ယူကြရန်လိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရပ်များကို သင်ကြားနေမှုနှင့် ပြည့်စုံမှု မရှိဘဲ ကိုယ်တိုင်လည်း လေ့လာဆောင်ရွက်နေရန်လိုကြောင်း၊ ကျန်းမာရေးကို အထောက်အကူပြုရန်အတွက် အားလပ်ချိန်များတွင် ကိုယ်လက်လှုပ်ရှားအားကစားမှုများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ မိမိကို အကျိုးမဖြစ်စေနိုင်သည့် အရက်သေစာသောက်စားမှုနှင့် ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးများကို ရှောင်ရှားကြရန်လိုကြောင်း၊ ဘာသာတရားအဆုံးအမများအတိုင်းလိုက်နာပြီး မိမိကိုယ်ကိုမိမိ ထိန်းသိမ်း ဆောင်ရွက်သွားမည်ဆိုပါက ယဉ်ကျေးလိမ္မာသည့် လူငယ်လေးများ ဖြစ်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ အသုံးပြုရန် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူဇာမောင်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငါးလုပ်ငန်းသိပ္ပံ(တွဲဘေး) အတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းသိပ္ပံ(တွဲဘေး)အတွင်း လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ ငါးလုပ်ငန်းသိပ္ပံ(တွဲဘေး)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ငါးလုပ်ငန်းနည်းပညာရပ်ဆိုင်ရာများ တိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သည့် ငါးလုပ်ငန်းသိပ္ပံကျောင်းတစ်ကျောင်းအဖြစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ပထမဦးဆုံး သိပ္ပံတစ်ခုဖြစ်ကြောင်း၊ ကျောင်းတွင် ပထမနှစ် သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ ယခု ငါးလုပ်ငန်းသိပ္ပံ(တွဲဘေး)တွင် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်ရန်အတွက် ပညာသင်နှစ်နှင့် အကျိုးရလဒ်အပေါ် မူတည်၍ ကောလိပ်အဆင့်သို့ မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့်(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသား၊ အမျိုးသမီး မိနီမာရသွန်အပြေးပြိုင်ပွဲ ကျင်းပပြုလုပ်




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဆုရရှိသည့် အားကစားသမားတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့်(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသား၊ အမျိုးသမီး မိနီမာရသွန်အပြေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကမ်းနားလမ်းနှင့် ရှုခင်းသာလမ်းဆုံရှိ စစ်တွေမြို့စာတိုက်ကြီးရှေ့၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင် လူငယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် အားကစားသမားများကို အချက်ပြသေနတ် ပစ်ဖောက်အချက်ပေး၍ တာလွှတ်ပေးရာ ပြိုင်ပွဲဝင် အားကစားသမားများက ကမ်းနားလမ်း-ရှုခင်းသာလမ်း-စစ်တွေဗျူဟာ့ပွိုင့်-စစ်တွေ ဟိုတယ်ရှေ့ ပွိုင့်လမ်းခြေနှင့် စာတိုက်ကြီးရှေ့ စုရပ်နေရာသို့ ပြန်လည်ပန်းဝင်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် အားကစားသမားများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

ကိုဗစ်-၁၉ ရောဂါ
ကာကွယ်ဆေး
အကြိမ်ပြည့်
ထိုးနှံမှုခံယူခြင်းနှင့်
ထပ်ဆောင်းကာကွယ်ဆေးများ
ထိုးနှံမှုခံယူခြင်းဖြင့်
ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာ
ခံစားရမှုနှင့်
ရောဂါကြောင့်
သေဆုံးရမှုတို့ကို
ထိရောက်စွာလျှော့ချနိုင်ပါ၍
ကာကွယ်ဆေးထိုးနှံမှု
မပျက်မကွက်ခံယူကြပါရန်
တိုက်တွန်းအပ်ပါသည်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေးအသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က) ဒုတိယဗိုလ်မှူးကြီးအောင်ထက်ဟိန်း ၀၉-၂၀၁၄၄၇၀
(ခ) ဒုတိယဗိုလ်မှူးကြီးအောင်ကို ၀၉-၂၅၉၀၉၉၈၉၉
(ဂ) ဗိုလ်မှူးချုပ်ကျော်စိုးဦး ၀၉-၃၉၁၀၀၅၄၇ နေပြည်တော်
(ဃ) ဗိုလ်မှူးချုပ်မြတ်သူစိုး ၀၉-၃၉၁၀၀၉၃၂ မြစ်ကြီးနား
(င) ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ၀၉-၃၉၁၀၃၉၇၅ လားရှိုး
(စ) ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ၀၉-၃၉၁၀၃၂၆၆ တောင်ကြီး
(ဆ) ဗိုလ်မှူးချုပ်သန်းထွန်းအောင် ၀၉-၃၉၁၀၃၄၈၂ ခိုလမ်
(ဇ) ဗိုလ်မှူးချုပ်ကျော်ထက် ၀၉-၃၉၁၀၄၀၉၅ ကျိုင်းတုံ
(ဈ) ဗိုလ်မှူးချုပ်ကျော်သူရအေး ၀၉-၃၉၁၀၀၅၄၁ မော်လမြိုင်
(ည) ဗိုလ်မှူးချုပ်သစ်လွင်ထူး ၀၉-၃၉၁၀၀၇၈၇ မြိတ်
(ဋ) ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင် ၀၉-၃၉၁၀၃၂၈၃ ရန်ကုန်
(ဌ) ဦးမင်းမင်းထွန်း ၀၉-၄၂၂၅၁၁၈၈၈ ရန်ကုန်
(ဍ) ဦးသက်နိုင် ၀၉-၆၉၃၀၁၉၄၉၅ ရန်ကုန်
(ပ) ဗိုလ်မှူးချုပ်အောင်ခင်ဇော် ၀၉-၃၉၁၀၀၃၄၈ ပုသိမ်
(ဏ) ဗိုလ်မှူးချုပ်ကျော်ကျော်သန်း ၀၉-၃၉၁၀၃၂၂၄ အမ်း
(တ) ဗိုလ်မှူးချုပ်မျိုးထွန်းလှိုင် ၀၉-၃၉၁၀၀၃၄၅ မုံရွာ
(ထ) ဗိုလ်မှူးကြီးအောင်လွင် ၀၉-၃၉၁၀၁၇၄၈ မန္တလေး
(ဒ) ဦးတင်မောင်စိုး ၀၉-၂၅၀၈၆၂၁၅၈ မန္တလေး
(ဓ) ဦးစိုးဟိန်းနောင် ၀၉-၆၉၅၀၀၈၆၈၀ မန္တလေး
(န) ဗိုလ်မှူးချုပ်အောင်ခိုင်ချို ၀၉-၃၉၁၀၀၆၃၂ တောင်ငူ

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။









**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိစဉ်။**

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ခြောက်ပဲ သုံးရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား တစ်ပဲ တစ်ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန် ရွှေ ငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ၌ ရွှေထည် ၅၃ ကျပ်သား ၁၃ ပဲ တစ်ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၉၈ ကျပ်သား ကိုးပဲ လေးရွေး၊ ဓာတ်တော်မွေတော်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၃၈ ကျပ်သား ၁၀ ပဲ နှစ်ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၄၉ ကျပ် တစ်ပဲ ငါးရွေး၊ ပုလဲ၊ ပလက်တီနမ်နှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ ဓာတ်တော်မွေတော်၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၁၀၄၉၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၁၈၂ ကျပ်သား ၁၅ ပဲ သုံးရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ကိုးကျပ်သား ငါးပဲ လေးရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၇၂၈၄၀၀၀ တို့ကိုလာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၂၅ ကျပ်သား ခုနစ်ပဲ တစ်ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၃ ကျပ်သား တစ်ပဲ လေးရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များ၊ ဆင်းတုတော် ၁၂ ဆူ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၅၂၂၁၁၁၀၀၀ တို့ကို ဌာပနာသွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

# ဘူးသီးတောင်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်




အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များအား မျက်စိကျန်းမာရေးစစ်ဆေးကုသပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၅၆ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG နှင့် အာထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာအုပ်စု လင်းလွန်းကျေးရွာကမ်းခြေတွင် ပင်လယ်ပြင်၌ သဘာဝအလျောက် သေဆုံးမျောပါနေသော ဘရိုင်းဝေလငါး(Bryde's Whale)ကို တွေ့ရှိ



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာအုပ်စု လင်းလွန်းကျေးရွာ ကမ်းခြေတွင် ဘရိုင်းဝေလငါး တစ်ကောင် သေဆုံးနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာအုပ်စု လင်းလွန်းကျေးရွာမြောက်ဘက် သောင်ပြင်အနီးတွင် ဒေသခံလှေများမှ အလျားပေ ၄၀ ခန့်၊ အနံ ရှစ်ပေခန့် ဘရိုင်းဝေလငါး (Bryde's Whale) အသေတစ်ကောင် ကမ်းပေါ်တင်နေကြောင်း ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင်သတင်းပေးပို့ခဲ့သဖြင့် ကျွန်းစုမြို့နယ် ကနောင်လုံခြုံရေးခွဲထုတ်စခန်းမှ တာဝန်ခံအရာရှိ ဦးစီးအဖွဲ့နှင့် ဒုံးပုလဲအော်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့မှ သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါဝေလငါးကို လင်းလွန်းကျေးရွာသဲသောင်ပြင်သို့ ဒေသခံများ၏ အကူအညီဖြင့် ရွှေ့ပြောင်းခဲ့ပြီး ကနောင်လုံခြုံရေးခွဲထုတ်စခန်းမှ တာဝန်ခံအရာရှိ ဦးစီးအဖွဲ့၊ ဒုံးပုလဲအော်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့နှင့် ဒေသခံအဖွဲ့များ ပူးပေါင်း၍ လင်းလွန်းကျေးရွာသဲသောင်ပြင်၌ ပုံစံမပျက်မြှုပ်နှံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး လင်းလွန်းကျေးရွာ သဲသောင်ပြင်တွင် ဘရိုင်းဝေလငါး(Bryde's Whale)ကို စနစ်တကျမြှုပ်နှံပေးခဲ့သည်။

မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ လေ့လာတွေ့ရှိချက်အရ အဆိုပါဘရိုင်းဝေလငါး(Bryde's Whale)၏ မျိုးစိတ်မှာ Balaenopteraedein (Anderson, 1878)ဖြစ်ပြီး သက်တမ်း နှစ် ၄၀ မှ နှစ် ၇၀ ကြား အသက်ရှင်နိုင်သော ဝေလအမျိုးအစားဖြစ်သည်။ ယခုတွေ့ရှိရသော ဘရိုင်းဝေလငါး(Bryde's Whale)မှာ သက်တမ်း နှစ် ၂၀ မှ ၂၅ နှစ်ကြားရှိ အရွယ်ရောက်ပြီး ဝေလငါးအမျိုးအစားဖြစ်၍ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အသံညစ်ညမ်းခြင်း၊ ရာသီဥတုဆိုးရွားခြင်းနှင့် ရေစီးကြောင်းပြောင်းလဲခြင်းတို့ကြောင့် ပင်မကမ်းခြေအနီးသို့ ရောက်ရှိပြီး ရေချိုနှုန်းများသည့်အတွက် သဘာဝအလျောက် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လောင်းလုံမြို့ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ ဖေဖော်ဝါရီ ၄ ရက် နံနက် ၂ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်လာပြီး ရုံးအဆောက်အအုံကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သွပ်မိုး၊ အုတ်ကာဆောက်လုပ်ထားသည့် ရုံးတစ်ထပ် အဆောက်အအုံ တစ်လုံး၊ ရုံးအတွင်းထားရှိသည့် ကွန်ပျူတာ နှစ်လုံး၊ ပရင်တာ သုံးလုံး၊ သစ်ဖြတ်စက်(Chain Saw) တစ်လုံးနှင့်ရုံးသုံးစာရွက်စာတမ်းများမီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



PDF အမည်ခံအကြမ်းဖက်သမားများက တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးကို မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

ထိုသို့ မြို့နယ်သစ်တောဦးစီးဌာနရုံးကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဖေဖော်ဝါရီ ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

| ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၄၂ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၁၃ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၄၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံတွင် ပြန်လာရန်အခက်အခဲများကြုံတွေ့ခဲ့သော မြန်မာနိုင်ငံသားများအနက် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တို့မှ နေရပ်ပြန်သူများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန်မြန်မာနိုင်ငံသား ၆၇၉ ဦးတို့အနက် ကော့သောင်းမြို့မှ မိုင်ပေါင်း ၄၅၅ မိုင်ခန့်ကွာဝေးသည့် ရန်ကုန်တိုင်းဒေသကြီးမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၁၈ ဦးကို မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ဖြင့် ခေါ်ဆောင်လာခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ရောက်ရှိခဲ့သည်။

ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသော နေရပ်ပြန်တို့ကို နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။

ပြန်လည်ခေါ်ဆောင်လာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ကာ အဆာပြေ အစားအစာနှင့် ရေသန့်ဘူးများ ပေးဝေခဲ့သည်။ ထို့နောက် ဒဂုံဆိပ်ကမ်း ရှိုးမရိပ်သာ Quarantine Center ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ စောင့်ကြည့်ထားရှိပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေရပ်ပြန်များကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင်နေထိုင်သော နေရပ်ပြန်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များထံသို့လည်းကောင်း စနစ်တကျအပ်နှံသွားမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုနှင့်အမြန်ပြန်လည်တွေ့ဆုံနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်မြန်မာနိုင်ငံသားများကို နွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။



နေရပ်ပြန်မြန်မာနိုင်ငံသားများ စိတ်ရွှင်လန်းအပန်းပြေစေရန် စစ်ရေယာဉ်(အနော်ရထာ)ပေါ်တွင် ဖျော်ဖြေရေးအစီအစဉ်များ၊အားကစားပြိုင်ပွဲများ ကျင်းပပေးစဉ်။





ထိုင်းနိုင်ငံတွင်ပြန်လာရန်အခက်အခဲများကြုံတွေ့ခဲ့သော မြန်မာနိုင်ငံသားများအနက် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တို့မှ နေရပ်ပြန်သူများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် စီစဉ်ပို့ဆောင်ပေးစဉ်။

အလားတူ ကော့သောင်းမြို့နှင့်မိုင်ပေါင်း ၇၀၀ ကျော်ခန့်ကွာဝေးသည့် အလွန်ဝေးလံသော ရခိုင်ပြည်နယ် စစ်တွေမြို့မှ နေရပ်ပြန် မြန်မာနိုင်ငံသားဦးရေ ၈၀ နှင့် ကျောက်ဖြူမြို့မှ နေရပ်ပြန် မြန်မာနိုင်ငံသား ၃၁ ဦးတို့ကိုမြန်မာ့တပ်မတော် (ရေ)မှ စစ်ရေယာဉ် (အနော်ရထာ)ဖြင့် နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးရန် စစ်ရေယာဉ် (အနော်ရထာ)ဖြင့် တင်ဆောင်လာစဉ် လမ်းခရီးတစ်လျှောက်၌ စစ်ရေယာဉ်မှ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်စေခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် စိတ်ရွှင်လန်း အပန်းပြေစေရန် ဆောင်ရွက်ပေးကြသည်။ အဆိုပါစစ်ရေယာဉ်သည် ယနေ့မွန်းလွဲ ၂နာရီချိန်တွင် ကျောက်ဖြူမြို့ အမှတ်(၁) တံတားသို့ ရောက်ရှိခဲ့သည်။

ကျောက်ဖြူမြို့သို့ ပြန်လည်ရောက်ရှိလာကြသော နေရပ်ပြန်မြန်မာနိုင်ငံသား ၃၁ ဦးကို နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်၊ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏မိသားစုဝင်များက နွေးထွေး လှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။

နေရပ်ပြန် မြန်မာနိုင်ငံသားများကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနညွှန့် ရိပ်သာတွင် အဆာပြေစာ ရခိုင်မုန့်တီ ကျွေးမွေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ပြုလုပ်၍ လိုအပ်သည်များမှာကြားကာ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျအပ်နှံပြီး အလွန်ဝေးလံသည့်နေရာဒေသများသို့ အချိန်တိုအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် စစ်ရေယာဉ်(အနော်ရထာ)သည် စစ်တွေမြို့နှင့်အနီးပတ်ဝန်းကျင်မြို့များမှ နေရပ်ပြန်မြန်မာနိုင်ငံသားဦးရေ ၈၀ ကို ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်နေ အောင်ကျော်ဦး (ခ)ဝတုတ်နှင့် မုပွန်ရပ်ကွက်နေ သော်သော်လွင်ဦး(ခ)သော်သော်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Aung Kyaw Oo" Facebook အကောင့်နှင့် "Thaw Thaw Lwin Oo"Facebookအကောင့်၊ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကန်လျားရှည်ကျေးရွာနေ ဇော်ဖြိုးလွင် (ခ) မိုးဒီသည် ၎င်းအသုံးပြုသည့် "Ba Gyi Phyo" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သတ္တလမြို့ ရွှေပြည်အေးရပ်ကွက်နေ အိအိစံသည် ၎င်းအသုံးပြုသည့် "Ei Ei San" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

0 w Kw H @

# နွယ်

မွေးထူးလေး




(၁)

"ဖေဖေပြောပေးရင် ရမှာပါဖေဖေရဲ့ ပြောပေးပါနော်"

သမီးမိန်းကလေးများကြား တစ်ဦးတည်းပါသော သားငယ်မို့ သူအလိုလိုက်ထားခဲ့သည်။ စာမေးပွဲမဖြေနိုင်သည့်သားက စာမေးပွဲအောင်ချင်နေသည်မို့ သူ့အသိကိုပြောပေးရန် သူ့ကိုပူဆာလာလေပြီ။ သူက ဌာနတစ်ခုတွင် ဩဇာသက်ရောက်သည့် အရာရှိတစ်ဦးဖြစ်ခဲ့ဖူးသည်။ ဆေးပင်စင်ဖြင့် အနားယူခဲ့သည်မှာ သိပ်မကြာသေး။ ဇနီးဖြစ်သူ၏ စီးပွားရေးလုပ်ငန်းကြောင့် လက်ရှိ သူ့မှာ အလုပ်အကိုင်မရှိသော်လည်း အိမ်၏စီးပွားရေးကတော့ အဆင်ပြေသည်ထက်ပို၏။ ဌာနတွင်ရှိစဉ်က သူ၏ရိုးသားမှု၊ ကြိုးစားမှု၊ ကူညီမှုတို့ကြောင့် လူချစ်လူခင်ပေါခဲ့သည်။ သူနှင့် ပတ်သက်ခဲ့ဖူးသမျှ တပည့်တပန်းများ၊ အသိမိတ်ဆွေများက အကူအညီလိုလျှင် အချိန်မရွေးလှမ်းဆက်ရန် ဖုန်းနံပါတ်အသီးသီးပေးထားကြ၏။

"ဖေဖေရာ လုပ်ပါနော်။ ပြောပေးပါ"

သားနှင့်ပတ်သက်၍ သားတောင်းဆိုသမျှကို သူဘယ်တုန်းကမှ မငြင်းပယ်ခဲ့။ သားလိုချင်သည့် ပစ္စည်းမှန်သမျှ သူအကုန်ဝယ်ယူဖြည့်ဆည်းပေးခဲ့သည်။ သား၏မိခင်၊ သူ့ဇနီးသည်ကလည်း သားကို ဖူးဖူးမှုတ်ထားခဲ့လေသည်။ ငယ်စဉ်ကတည်းက စာဆိုလျှင် ဟုတ်တိပတ်တိမကြိုးစားဘဲ ပါတိတ်တစ်မျိုး၊ လက်ကိုင်အိတ်တစ်ပုံဖြင့် မိခင်ဖြစ်သူကတစ်ဆင့် ဆရာမများထံ လက်ဆောင်ပို့ကာ အတန်းတင်စာမေးပွဲတချို့ကို အောင်ခဲ့သည့်သားက ယခုချိန်ထိဇာတိက ပြချင်နေသေးဟန်တူသည်။ တစ်ခါကတော့ သူမှတ်မိနေသေးသည်။ သားအမိနှစ်ဦး လပတ်စာမေးပွဲတစ်ခုအပြီးမှာ ဆရာမတစ်ဦးထံ ပစ္စည်းတချို့နှင့် လောကွတ်သွားလုပ်ပြီး အမှတ်တောင်းကြတော့ ဟိုက လက်မခံဘဲ ပြောဆိုဆုံးမလွှတ်လိုက်သည်ဆိုပဲ။ အိမ်ရောက်တော့ အီးမှန်လာသည့်မျက်နှာမျိုးနှင့် သားက သူ့မိခင်ရင်ခွင်ထဲဝင်ကာ ငိုချင်းချတော့သည်။ ထိုအချိန်တုန်းက သူတစ်ဦးတည်းကျိတ်ကာ ပျော်မိသေးသည်ကို သား၏မိခင် သူ့ဇနီးသည်သာသိလျှင် သူ့ကိုစိတ်ဆိုးပေလိမ့်မည်။ ထိုအဖြစ်အပျက်ကြောင့် ထိုတစ်နှစ်မှာတော့ သားဟာစာကို အသည်းအသန်ကြိုးစားပါလေ၏။ ခွေးမြီးကောက်ကို ကျည်တောက်စွပ်ပေးလိုက်နိုင်သော ဆရာမလေးကို သူ့စိတ်ထဲက ယခုချိန်ထိ လှိုက်လှဲစွာဖြင့် ကျေးဇူးတင်နေပါသေးသည်။ သို့သော် ကျည်တောက်သည်လည်း ကြာကြာမစွပ်နိုင်သည့်အဆုံး သား၏နဂိုဗီဇက ထိုတစ်နှစ်ကုန်ဆုံးပြီးချိန်မှာ ပြန်လည်ကာ ပေါ်လာခဲ့လေသည်။

"ဖေဖေ သားပြောနေတာ ကြားရဲ့လား"

သက်ပြင်းချပြီး သားကို သူ စေ့စေ့ကြည့်လိုက်သည်။ သား၏အချစ်ကို နဂိုကမှ သားမိခင်ဖြစ်သူထက် လျော့ပါးစွာရခဲ့သောသူမှာ ယခုတစ်ခါနှင့်ဆို ပို၍သာ လျော့နည်းပေတော့မည်။ မတတ်နိုင် ပြောစရာရှိတာ ပြောရုံပင်။

"မဖြစ်ဘူးငါ့သား၊ ဖေဖေမပြောပေးနိုင်ဘူး။ သားက စာမကြိုးစားဘဲ အဲဒီစာမေးပွဲကိုအောင်ပြီး သတ်မှတ်တဲ့ရာထူးနေရာတစ်ခုကိုရသွားရင် ကြိုးစားပြီးမှ ရတဲ့လူတွေကို သားဘယ်မျက်နှာနဲ့ ကြည့်မလဲ။ သားကိုယ်သားရော လိပ်ပြာလုံနိုင်ပါ့မလား။ အေးသားကလုံတယ်ပဲထား။ ဖေဖေကတော့ ဘယ်လိုမှ လိပ်ပြာမလုံနိုင်တဲ့အတွက် ဖေဖေပြောမပေးနိုင်ဘူး။ သားအသက်အရွယ်ငယ်ပါသေးတယ်။ ကိုယ့်အရည်အချင်းနဲ့ကိုယ် နောက်စာမေးပွဲတွေကျမှအောင်အောင်သာ ကြိုးစားဖြေတော့သိလား"

သူ့စကားကိုကြားတော့ သားကအံ့ဩဟန်မပြ။

"ထင်သားပဲ အားမကိုးရပါဘူးဆိုတာ။ မေမေက ပြောခိုင်းလို့သာ လာပြောမိတာ"ဟု မကြားတကြားပြောကာ သူ့ရှေ့မှ ခြေသံပြင်းပြင်းနင်း၍ ထွက်သွား၏။ သားထွက်သွားပြီးနောက် အိမ်အပေါ်ထပ်တွင် တစ်ဦးတည်းကျန်ခဲ့သော သူ၏စိတ်အစဉ်မှာ သားအတွက် ပူပင်သောကတို့သာ လှိုင်းထ၍ ကျန်ရစ်ခဲ့လေသည်။

(၂)

"ရှင်စဉ်းစားကြည့် ကျွန်မတို့သားသမီးတွေထဲ သမီးအကြီးမက ဆရာဝန်၊ အလတ်မလေးက အင်ဂျင်နီယာ၊ သားငယ်လေးကျမှ ဘာမှဖြစ်မလာဘူးဆိုရင် မဟုတ်သေးဘူးရှင်ရဲ့။ ကျွန်မရဲ့စီးပွားရေးလုပ်ငန်းမှာ သားကိုဦးစီးဦးဆောင်လုပ်ခိုင်းလိုက်ရင် ခဏအတွင်း စီးပွားရေးလုပ်ငန်းရှင်ဖြစ်လာမှာတော့ အမှန်ပဲ။ ဒါပေမဲ့ ရှင်လဲသိပါတယ်။ ကျွန်မက ပစ္စည်းဥစ္စာထက် ဂုဏ်ကိုပိုမက်တယ်ဆိုတာ။ သူ့ငွေ၊ သူ့ကြွယ်တွေ အမြောက်အများ ကျွန်မကို ကမ်းလှမ်းတဲ့ကြားက ရှင့်ကိုဘာလို့ရွေးခဲ့လဲသိလား။ ဌာနတစ်ခုက အရာရှိမို့ရှင့်။ အခု သားလေးကိုလဲ အဲဒီလိုလေးဖြစ်စေချင်လို့ပါ။ ရှင်ပြောရင်ရလောက်မှာပါ။ သားကမဖြေနိုင်လို့ မဟုတ်ဘူး။ အမှတ်နဲ့ဖြတ်လိုက်ရင် ကျန်နေခဲ့မှာစိုးလို့။ အဲဒါကြောင့် တစ်ကြောင်းမထောက် တစ်ကြောင်းထောက်အောင်လို့ ရှင့်သားမှန်းသိထားစေချင်လို့ပါ။ ပြောပေးပါ ကိုမြတ်ထွန်းရယ်နော်"

သူခေါင်းကိုသာတွင်တွင်ယမ်းပြလိုက်သည်။ မျက်စိမျက်နှာပျက်သွားသည့်ဇနီးသည်ကို သူမမြင်ဟန်ပြုထားလိုက်ရသည်။ အလုပ်ခွင်တွင်ရှိစဉ်တုန်းကတောင်မှ ရိုးသားခဲ့သည့်သူ့ကို သည်အချိန်ကျမှတော့ အမည်းစက်အစွန်းမခံချင်။ သူတင်မဟုတ် သူ့ကြောင့် သူ့အသိမိတ်ဆွေကိုလည်း အမည်းစက်မထင်စေချင်ပါ။

"ဟူး"

သက်ပြင်းမောကိုချ ဇနီးသည်ဘေးမှထကာ ဘုရားစင်ရှေ့ကို သူဝင်ထိုင်လိုက်သည်။ ထို့နောက်လက်အုပ်ချီ၍ သူ့စိတ်ဆန္ဒဖြောင့်ရိုးမှန်လျှင် သူ့သားနှင့် ဇနီးတို့ အမြင်မှန်မြန်မြန်ရပါစေဟုသာ ရှင်တော်ဘုရားထံ ဆုတောင်းနေမိ၏။

(၃)

သိပ်မကြာမီမှာပင် သားဖြေထားသော စာမေးပွဲကျကြောင်း သတင်းရလာသည်။ ထိုသတင်းကြားပြီးနောက်မှာတော့ သားနှင့်ဇနီးသည်တို့ထံမှ သူ့ကိုမကြာမကြာ ငြူစူစောင်းမြောင်းပြောဆိုသံတို့ကို ကြားရတော့သည်။ တစ်ခါတစ်ရံ ဇနီးသည်က-

"လူတိုင်းလိုလို မိုးခါးရေသောက်နေကြတဲ့အချိန် မသောက်တဲ့သူက ရူးလို့ပေါ့"ဟု ပြောတတ်ပါသေးသည်။ မိုးခါးရေမသောက်သည့် သူကပဲရူးနေသလား၊ မိုးခါးရေသောက်သည့် လူတိုင်းလိုလိုကပဲ ရူးနေသလား စဉ်းစားကြည့်မိတော့ သူ့မှာရယ်ပင်ရယ်ချင်မိသေးသည်။

"ငါ့သား ကြိုးစားပြလိုက်စမ်းပါ။ မင်းဖအေက မင်းကိုအရည်အချင်းမရှိဘူးလို့ ထင်နေတာသိလား"

သားရှေ့တွင် ပေါ်ပေါ်တင်တင်ပြောလာသော ဇနီးသည်၏စကားကြောင့် သားကိုသူမျက်နှာပူရသည်။ သူ့ကို မကျေနပ်သလို တစ်ချက်ကြည့်ကာ ထမင်းစားပွဲက သားထထွက်သွားတော့ မျှော်ချထားခါစ ထမင်းလုတ်မှာ သူ့လည်ချောင်းတွင် လာနင်လေသည်။ သမီးကြီးက ရေခပ်တိုက်တော့မှသာ ထမင်းလုတ်ရှောရှော ရှူရှူကျသွားတော့သည်။ ဆက်၍ပင် ထမင်းစားချင်စိတ်မရှိသောကြောင့် သားနည်းတူ ထမင်းစားပွဲမှထကာ ထွက်လာခဲ့မိသည်။ အိမ်အပေါ်ထပ်ကိုတက်ပြီး သူ့စိတ်တို့ကိုငြိမ်းအေးစေမည့် ဘုရားစင်ရှေ့မှောက်သို့ရောက်ရပြန်တော့ တောင်းမိသည့်ဆုက-

"အရှင်ဘုရား၊ တပည့်တော်အပေါ်မှာ စိတ်ငြိုငြင်နေတဲ့ သားလေးကို တပည့်တော်ခွင့်လွှတ်ပါတယ်ဘုရား။ သားလေး သွားလေရာ၊ လာလေရာ ခလုတ်မထိဆူးမငြိပါစေနဲ့ဘုရား"ဟူ၍ ပင်။

(၄)

"ရှင့်သား စာမေးပွဲအောင်ပြီ ကိုမြတ်ထွန်း။ ရှင့်အကူအညီ၊ ကျွန်မအကူအညီ တစ်ခုမှမပါဘဲ အောင်သွားတာရှင်သိလား"

ဟိုတစ်ခါဖြေသည့် စာမေးပွဲကျပြီးနောက် လအတော်အတန်ကြာမြင့်ပြီးခါမှ ဇနီးသည်ထံမှ မင်္ဂလာရှိသော စကားတစ်ခွန်းကိုကြားရလေပြီ။ ဘယ်ဌာနမှာ ဘာရာထူးအတွက်ဖြေပြီး အောင်သလဲဟု မေးကြည့်မိတော့မှ နိုင်ငံခြားမှာ အလုပ်သွားလုပ်ရန်အတွက် လူတွေ့ဖြေဆိုအောင်မြင်ခြင်းဟုသိရသည်။

"သူ့ကို အထင်သေးတဲ့သူရှိတဲ့နိုင်ငံ။ ရှင်းရှင်းပြောရရင် ရှင်ရှိတဲ့နိုင်ငံမှာ သူမနေချင်လို့တဲ့ ကိုမြတ်ထွန်းရဲ့။ ကျွန်မလဲလေ သူဘယ်လိုစာမေးပွဲဖြေဖို့ ဘယ်လိုစာတွေကြည့်နေမှန်းမသိခဲ့ဘူး။ ဒီနိုင်ငံက ထွက်ခွာသွားရမဲ့စာမေးပွဲမှန်းသိရင် ကျွန်မ မဖြေခိုင်းဘူးသိလား။ ပြီးတော့ ရှင့်ကို အဟင့် သားက အဲဒီလောက်ထိ စိတ်နာသွားလိမ့်မယ်လို့ ကျွန်မ မထင်ထားမိလို့ ရှင့်ကိုစိတ်နာမဲ့စကားတွေ ပြောမိတာပါ ကိုမြတ်ထွန်းရယ် အဟင့်"

ရှိုက်ငိုနေသောဇနီးသည်ကို မငိုရန် သူတားလိုက်ရသည်။ ဇနီးသည်ကိုရော သားကိုပါ သူစိတ်မဆိုး။ ဘယ်လိုပဲဖြစ်ဖြစ် သားလေး၏ဘဝမှာ ဘယ်သူ့အကူအညီမှမပါဘဲ ပထမဆုံးအကြိမ် အောင်မြင်မှုရသွားပြီမို့ သူကျေနပ်သည်။ သားသွားမည့်ခရီးလမ်းဖြောင့်တန်းရန်နှင့် ဟိုမှာ အဆင်ပြေစေရန်သာ သူမျှော်လင့်မိ၏။

(၅)

သားသည် နိုင်ငံရပ်ခြားကိုရောက်ပြီးနောက် တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ အလျဉ်းသင့်လျှင် သင့်သလို မိခင်နှင့် အစ်မများထံ ဖုန်းဆက်တတ်သည်။ သူ့ဆီကိုတော့ တိုက်ရိုက်လည်း ဖုန်းဆက်ခြင်းမရှိသလို သတိတရရှိကြောင်းလည်း မပြောပါ။ သို့သော် သားဆီက ဖုန်းလာသည့်အခါမျိုးတွင် ဇနီးနှင့်သမီးတို့၏ အနားကပ်ကာ သား၏အသံကို သူနားထောင်ဖြစ်သည်။ သား၏စကားသံများကို နားထောင်ရသည်မှာ ယခင်ကထက် ရင့်ကျက်လာသည်ဟု သူထင်သည်။ တစ်ခါတစ်ရံ "သားကို ဖေဖေ သိပ်သတိရနေတာ"ဟု ဘေးကနေ ဝင်ပြောပစ်ချင်စိတ်များ တဖွားဖွားပေါ်လာတတ်၏။ ထိုသို့ပြောလိုက်လျှင်လည်း နောက်တစ်ကြိမ်ကျ ဘယ်သူ့ဆီကိုမှ သားက မဆက်သွယ်တော့မှာ တွေးကြောက်နေခဲ့သည်။ ထို့ကြောင့်ပင် သူနှင့် သားကြားမှာ ယခုအချိန်ထိ တိုက်ရိုက်ဆက်သွယ်ခြင်းမျိုး မရှိသေးဘဲ ဖြစ်နေလေ၏။

(၆)

ခြောက်သွေ့သောနံနက်ခင်းမို့ နေခြည်နွေးနွေး၏အောက်တွင် သူရပ်နေရင်း အသက်ကိုခပ်ပြင်းပြင်း ရှူသွင်းရှူထုတ်လုပ်ကာ အဆုတ်ကို လေ့ကျင့်ခန်းပေးနေမိသည်။ သားသွားပြီးနောက် ယခုတစ်ရက်မှသာ သူအိမ်ရှေ့သို့ထွက်မိလေသည်။ မိမိဇာတိနိုင်ငံက သားထွက်သွားသည်မှာ တစ်နှစ်ပြည့်သည့် အထိမ်းအမှတ်အနေဖြင့် အိမ်ပြင်ကိုထွက်ခြင်းဆိုလည်း မမှားပေ။ သည်လိုခြောက်သွေ့သော ဆောင်းနံနက်ခင်းတစ်ခုမှာ ခရီးဆောင်အိတ်ကိုဆွဲကာ ထွက်ခွာသွားသည့် သား၏ကျောပြင်ကို အိမ်ရှေ့ပေါ်တီကိုအောက်မှတစ်ဆင့် သူရပ်ကာကြည့်နေခဲ့ရသည်။ သားစိတ်အနှောင့်အယှက်ဖြစ်မည်ကိုစိုးသောကြောင့် လေယာဉ်ကွင်းထိပင် သူလိုက်မပို့ဖြစ်။ သားနှင့်သမီး၊ ဇနီးသည်တို့ ကားပေါ်တက်သွားတော့ သူ့မှာမျက်ရည်နှင့် မျက်ခွက်ဖြစ်ကာ

စာမျက်နှာ ၂၅သို့ ➤

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းအခွန်ကောက်ခံရေးလုပ်ငန်းများကို လေလံစနစ်ဖြင့် ချထားဆောင်ရွက်မည်



**နေပြည်တော် ဖေဖော်ဝါရီ ၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းအခွန်ကောက်ခံရေးလုပ်ငန်းများကို လေလံစနစ်ဖြင့်ချထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခရိုင် ရှစ်ခုမှ ဆိပ်ကမ်း ၄၃ ခု၏ ဆိပ်ကမ်းအခွန်ကောက်ခံရေး လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လေလံစနစ်ဖြင့် ချထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါလေလံစနစ်ဖြင့် ချထားပေးသွားမည့် ဆိပ်ကမ်းများမှာ ပုသိမ်ခရိုင်တွင် ဆိပ်ကမ်း ခြောက်ခု၊ ကျုံပျော်ခရိုင်တွင် ဆိပ်ကမ်း လေးခု၊ မြောင်းမြခရိုင်တွင် ဆိပ်ကမ်း ရှစ်ခု၊ လပွတ္တာခရိုင်တွင် ဆိပ်ကမ်း ငါးခု၊ မအူပင်ခရိုင်တွင် ဆိပ်ကမ်း ၁၀ ခု၊ ဖျာပုံခရိုင်တွင် ဆိပ်ကမ်း ငါးခု၊ ဟင်္သာတခရိုင်တွင် ဆိပ်ကမ်း နှစ်ခုနှင့် မြန်အောင်ခရိုင်တွင် ဆိပ်ကမ်း သုံးခု စုစုပေါင်းဆိပ်ကမ်း ၄၃ ခုဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဆိုပါဆိပ်ကမ်းများ အခွန်ကောက်ခံရေးလုပ်ငန်းကို လေလံစနစ်ဖြင့် ဝယ်ယူလုပ်ကိုင်လိုသူများအနေဖြင့် လေလံပုံစံများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၇ ရက်အတွင်း ဝယ်ယူနိုင်ကြောင်း သိရသည်။

SKL

# လားရှိုးမြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လားရှိုး ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထပ်မံတိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်မည့် ညောင်ပင်သာကျေးရွာတွင် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**



➤ စာမျက်နှာ ၂၄မှအဆက်

ကျန်ရစ်ခဲ့ရသည်။ သားကိုလိုက်ပို့ပြီး ဇနီးသည်နှင့် သမီးတို့အိမ်ပြန်ရောက်ကြတော့ ငိုထားသည့်သူ့မျက်နှာကို မရိပ်မိစေရန် အကြောင်းအမျိုးမျိုးပြကာ မျက်နှာချင်းမဆိုင်မိအောင် နေခဲ့ရသေး၏။ အတိတ်တို့ဆီ အတွေးများနယ်ချဲ့ရင်း အိမ်ခြံဝင်းကိုလှည့်ပတ်ကြည့်မိမှ အိမ်၏အနောက်ဘက်တွင် စိုက်ထားသည့်သရက်ပင်မှတစ်ဆင့် အုတ်တံတိုင်းတစ်ခန်းစာလောက်ထိ ချုံနွယ်များတက်နေသည်ကို တွေ့လိုက်ရသည်။ မတက်ချင်မှအဆုံး ယခုအချိန်ခါ သည်အိမ်တွင် ခြံဝင်းရှင်းရန် ယောက်ျားသားက သူသာရှိသည်လေ။ အပြင်သူစိမ်းကို အယုံအကြည်မရှိသည့်သူ့ဇနီးသည်က ခြံစောင့်များ၊ လုပ်သားများထားဖို့မပြောနှင့် အိမ်အကူတောင် မထားသည့်သူ။ သည်တော့ သည်အလုပ်ကို သူမှတစ်ပါးအခြားလုပ်မည့်သူမရှိ။ လောလောဆယ် တစ်အိမ်လုံးမှာ အလုပ်မရှိအားနေသူကလည်း သူပဲရှိသည်မဟုတ်လား။ ထို့ကြောင့်ပင် ဓားမတစ်ချောင်းကို မီးဖိုချောင်က ဆွဲယူလာခဲ့ပြီး ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းနေလိုက်သည်။

"ကိုမြတ်ထွန်းရေ ချုံတွေနွယ်တွေ ပြီးတော့မှခုတ်။ ဒီမှာ ရှင့်သားက ရှင်နဲ့ဖုန်းပြောချင်လို့တဲ့"

အပေါ်ထပ်ပြတင်းပေါက်မှတစ်ဆင့် ကြားလိုက်ရသည့် ဇနီးသည်၏ အသံက သူ၏စိတ်အစဉ်ကို ဖမ်းစားလိုက်သည့်ခဏ လက်တွင်ကိုင်ထားသည့် ဓားမပင် လွတ်ကျသွားတော့သည်။ အိမ်အပေါ်ကို သူကပြေးတက် ဇနီးသည်ကလည်း အိမ်အောက်ကိုဆင်းလာရာ လှေကားမှာ သူနှင့်ဆုံ၏။ ဇနီးသည်၏ လက်ထဲမှ ဖုန်းကိုယူကာ-

"သားနေကောင်းရဲ့လားဟု အစချီကာ စကားတွေ ကရားရေလွှတ်ပြောချမိတော့သည်။ သားထံမှ-

"ဖေဖေ မောနေမယ် ဖြေးဖြေးပြောပါ"ဟု တားယူရသည်ထိ သူပြောမိပါ၏။

"ဖေဖေသိလား ဒီနိုင်ငံမှာလေ အသက် ၁၈ နှစ်ပြည့်တာနဲ့ ကိုယ့်အားကိုယ်ကိုး ကိုယ့်ဝမ်းကိုယ်ကျောင်းနေကြရတာတွေ သားမြင်တော့မှ ဖေဖေ့ရဲ့ စေတနာတွေကို သားနားလည်လာတာပါဖေဖေ။ ပြီးတော့ အရာရာကို သူများချည်းပဲ အားကိုးနေလို့မရဘူးဆိုတာ သားအခုလုပ်နေရတဲ့ အလုပ်ခွင်ကတစ်ဆင့် သိနေပါပြီ။ သား ဒီလကုန်ရင် ဖေဖေ၊ မေမေနဲ့ မမတို့အတွက် သားရတဲ့လစာလေးတွေထဲက ဖဲ့စုထားတဲ့ငွေလေးတွေနဲ့ လက်ဆောင်ပစ္စည်းလေးတွေဝယ်ပေးလိုက်မယ်သိလား"

"ဘာတွေမှ ပေးမနေပါနဲ့သားရာ။ သားအခုလိုဖြစ်သွားတာကို ဖေဖေက ဝမ်းသာလှပါပြီကွ။ သားကျန်းမာရေးဂရုစိုက်နော်။ အစစအရာရာ ပေါ့ပေါ့ဆဆမတွေးနဲ့။ မလုပ်နဲ့နော်"

"ဟုတ်ဖေဖေ"

သားနှင့် ဖုန်းပြောပြီးနောက် သူ့စိတ်ဟာ ရွှင်လန်းတက်ကြွနေလေ၏။ ခုတ်လက်စချုံနွယ်များကို အပြတ်ရှင်းရန် လွတ်ကျခဲ့သော ဓားမကို ကိုင်ကာ ချုံနွယ်များကို စိတ်ရှိလက်ရှိ ခုတ်ထွင်ရှင်းလင်းနေမိသည်။

"ရပါပြီ ကိုမြတ်ထွန်းရဲ့ နားပါတော့။ ရှင် ဒီလိုခုတ်ပုံမျိုးနဲ့ဆို ရှင့်အုတ်တံတိုင်းကို ဘယ်နွယ်မှ နောက်ထပ်လာကပ်ပြီး မှီတွယ်တော့မှာမဟုတ်ဘူးသိလား"

သူ့ကို ကရုဏာသက်စွာဖြင့် ချုံနွယ်ခုတ်ထွင်ရှင်းလင်းခြင်းမှ နားရန် လှမ်းပြောလေသော ဇနီးသည်၏ စကားကို သူသေချာစဉ်းစားနေမိသည်။ ဟုတ်သည်။ အုတ်တံတိုင်းတွင်မှီတွယ်နေသော နွယ်များကိုလည်း သူရှင်းလိုက်နိုင်ပြီ။ ပြီးတော့ ကိုယ့်အားကိုယ်မကိုး အမိ၊ အဖတို့ကိုအားကိုးကာ မှီတွယ်ချင်နေသော သား၏စိတ်နွယ်ကိုလည်း သူရှင်းပေးနိုင်ခဲ့ပြီ။ ယခုလိုတွေးကြည့်မိမှ သူ့စိတ်အစဉ်ဟာ အလွန့်အလွန်ပင် ကြည်စင်ရွှင်လန်းနေပါတော့သည်။

## ဂုဏ်သတင်းရနံ့ သင်းပျံ့စေလို

\- လူဟူသည် တူယှဉ်တွဲ
စဉ်အမြဲ နေထိုင်ရာ၊
တစ်ဦးကို တစ်ဦးက
ဖေးမလို့သာ၊
ကိုယ်ကျင့်တရား စောင့်ထိန်းကာ
ရင်ဝယ်မှာ စိတ်ကောင်းထား၊
အပြောအဆို လွန်သိမ်မွေ့တော့
ယဉ်ပေ့လူသား။

\- နေ့စဉ်ကွယ် မေတ္တာပွား
သစ္စာတရား ခိုင်မာစေ၊
ပတ်ဝန်းကျင် သူ့သဘော
လိုက်လျောညီထွေ၊
အတ္တပရ မျှတစေ
လှပဝေ ဂုဏ်သတင်း၊
လေယူရာ သင်းရနံ့
မွှေးပျံ့စေခြင်း။

\- မနာလို ဝန်တိုကင်း
သဘောရင်း ဖြူစင်ကွယ်၊
နှုတ်ချိုသာ အပြုံးပန်း
ဆင်မြန်းလို့ရယ်၊
တွေ့ဆုံခိုက် ခဏတာဝယ်
အလှဆင်ကွယ် နှလုံးသား၊
မချို့စေတကယ်
ကိုယ့်နာမည် အဖိုးစစ်
ကျန်ရစ်တကား။ ။

**အောင်သွေး(မြစ်သာ)**

# ညောင်တုန်းမြို့နယ် ပေါက်ကျိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ညောင်တုန်း ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ပေါက်ကျိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်နှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပေါက်ကျိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပေါက်ကျိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၇၅၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးလက်နေပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၀၆ သန်းဖြင့် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပေါက်ကျိုင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# ယူကရိန်းစစ်ပွဲအတွက် အကုန်အကျများနေသော အမေရိကန်

သမ္မတဂျိုးဘိုင်ဒင်က အမေရိကန်နိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံသို့ M1 Abrams တင့်ကား ၃၁ စီး ပေးပို့ကူညီသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ ယူကရိန်းသမ္မတဇီလန်စကီးက ရုရှားနိုင်ငံကို ခုခံနိုင်ရေးအတွက် တင့်ကားများ ပိုမိုကူညီပေးရန် အကြိမ်ကြိမ်အကူအညီတောင်းခံမှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း ဂျိုးဘိုင်ဒင်၏ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျိုးဘိုင်ဒင်က ယူကရိန်းနိုင်ငံကို အချုပ်အခြာအာဏာကာကွယ်နိုင်ရေးအတွက် တင့်ကားများ ပေးပို့ကူညီသွားမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံကို ထိုးစစ်ဆင်သွားရန်မဟုတ်ကြောင်း၊ ရုရှားနိုင်ငံကို ထိုးစစ်ဆင်ခြိမ်းခြောက်သွားရန်မရှိကြောင်း၊ ရုရှားတပ်ဖွဲ့များအနေဖြင့် ၎င်းတို့နိုင်ငံသို့ ပြန်သွားမည်ဆိုလျှင် လက်ရှိအချိန်တွင် စစ်ပွဲများအဆုံးသတ်သွားမည်ဖြစ်ကြောင်း၊ ထိုအခြေအနေကို ကျွန်တော်တို့အားလုံးလိုလားကြကြောင်းဖြင့် အိမ်ဖြူတော်၌ ကောက်ချက်ချပြောကြားသွားခဲ့သည်။

ဂျာမနီက ၎င်းတို့အနေဖြင့် ယူကရိန်းနိုင်ငံသို့ Leopard 2 တင့်ကား ၁၄ စီးပေးပို့ကူညီသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည့်နေ့၌ပင်လျှင် ဂျိုးဘိုင်ဒင်၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဗြိတိန်ကလည်း တင့်ကား ၁၂ စီး ပေးပို့ကူညီသွားမည်ဟု ကတိပြုထားသည်။ အနောက်ဥရောပနိုင်ငံများကလည်း သံချပ်ကာယာဉ်များနှင့်အခြားစစ်ဘက်ဆိုင်ရာအကူအညီများပေးအပ်လျက်ရှိသည်။ သို့သော် ယူကရိန်းနိုင်ငံအနေဖြင့် ရုရှားနိုင်ငံကို ပြန်လည်ထိုးစစ်ဆင်နိုင်ရေးအတွက် တင့်ကားအစီး ၃၀၀ ခန့် လိုအပ်လျက်ရှိသည်။

အမေရိကန်အနေဖြင့် ရုရှားနိုင်ငံကို တရားဝင်စစ်ကြေညာခြင်းမရှိသော်လည်း ယူကရိန်းသည် ကိုယ်စားစစ်ပွဲတစ်ခုအတွက် အဆုံးရှုံးကြီးမားသောတိုက်ပွဲများကို ဆင်နွှဲရလျက်ရှိသည်။ အမေရိကန်သည် စစ်ပွဲဖြစ်ပွားသည့် ၂၀၂၂ ခုနှစ်အတွင်း ယူကရိန်းနိုင်ငံကို တစိုက်မတ်မတ်ကူညီခဲ့သည်။ မကြာသေးမီအချိန်အတွင်းကပင် ယူကရိန်းတပ်ဖွဲ့များကို အမေရိကန်သို့ ခေါ်ဆောင်ကာ လေတပ်ဖွဲ့ဆိုင်ရာစနစ်များကို လေ့ကျင့်သင်တန်းပေးခဲ့သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ယူကရိန်းစစ်ပွဲဖြစ်ပွားမှုကာလ တစ်နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ ထို့ကြောင့် သမိုင်းကြောင်းအရသော်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းအမေရိကန်တို့ ပေးအပ်လျက်ရှိသော အကူအညီများနှင့်နှိုင်းယှဉ်၍သော်လည်းကောင်း ယူကရိန်းနိုင်ငံကိုပေးအပ်နေသော အကူအညီများသည် အနှစ်သာရပြည့်ဝရန်လိုအပ်ပေသည်။ အမေရိကန်အနေဖြင့် ယူကရိန်းနိုင်ငံကို ကာလရှည်ကြာပံ့ပိုးကူညီသွားမလား သို့တည်းမဟုတ် လက်ရှိပံ့ပိုးကူညီမှုများသည် အမေရိကန်ပြည်တွင်းနိုင်ငံရေးကြောင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာမလားဆိုသော မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

**အရေးကျသောတင့်ကားများ**

အနောက်အုပ်စုများက တင့်ကားများပေးပို့ကူညီခြင်းသည် ယူကရိန်းနိုင်ငံ၏လက်နက်တိုက်ကို ပိုမိုအားသစ်လောင်းစေနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်ထိ ယူကရိန်းနိုင်ငံသည် ဆိုဗီယက်ခေတ်က T-72s တင့်ကားများကိုသာ မှီခိုအားထားရလျက်ရှိသည်။ အနောက်နိုင်ငံများ၏တင့်ကားများနှင့်အတူ စိန်ခေါ်မှုများလည်း ပါရှိလာနိုင်ပေသည်။ သာဓကအနေဖြင့် Abrams တင့်ကားများသည် ဂျက်အင်ဂျင်လောင်စာကို အသုံးပြုရလျက်ရှိသည်။ ထို့ပြင် ကုန်ကျစရိတ်ကြီးမားပြီး ထိန်းသိမ်းရန်လည်းခက်ခဲသည်။ သို့သော် ဂျာမနီ၊ ဗြိတိန်တို့၏တင့်ကားများနှင့်အတူ Abrams တင့်ကားများ တပ်ဖြန့်ချထားခြင်းသည် အနောက်အုပ်စုအနေဖြင့် ယူကရိန်းကို တိုက်ခိုက်ရေးစွမ်းဆောင်ရည်မြှင့်တင်ပြီး ရုရှားတို့သိမ်းပိုက်ထားသောနယ်မြေ



များကို ပြန်လည်ရယူနိုင်စေရန်ရည်ရွယ်ထားရှိသည်။ အဆိုပါလက်နက်စနစ်များကိုအသုံးပြုနိုင်ရေးအတွက် ယူကရိန်းစစ်သားများကို လေ့ကျင့်သင်ကြားပေးသွားရန်လိုအပ်သည်။ ယူကရိန်းသည် အဆိုပါလက်နက်စနစ်များနှင့်အတူ ရုရှားကိုပြန်လည်ထိုးစစ်ဆင်နိုင်ရန် အကောင်းဆုံးအနေအထားရရှိစေမည်ဖြစ်သည်။

**အမေရိကန်၏ အကူအညီများ**

အမေရိကန်သည် ယူကရိန်းကို အကူအညီများပေးအပ်လျက်ရှိသဖြင့် အကုန်အကျအလွန်များပြားနေပြီဖြစ်သည်။ ခေတ်သစ်သမိုင်းတွင် အမေရိကန်တို့ပေးအပ်ခဲ့သောအကူအညီများနှင့်နှိုင်းယှဉ်လျှင် ယူကရိန်းကို ပေးအပ်သောအကူအညီများသည် လွန်စွာများပြားလျက်ရှိသည်။ စစ်အေးတိုက်ပွဲကာလ ပဋိပက္ခများအတွင်း အမေရိကန်တို့ပေးအပ်ခဲ့သောအကူအညီသည် ယူကရိန်းထက်ပမာဏများပြားခဲ့သော်လည်း ထိုပဋိပက္ခများသည် ကာလကြာရှည်ခဲ့သည်။ သာဓကအနေဖြင့် ဗီယက်နမ်စစ်ပွဲသည် ၁၉၆၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိကြာမြင့်ပြီး အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၉ ဘီလီယံကုန်ကျခဲ့သည်။ လက်ရှိကာလငွေတန်ဖိုးနှင့်ဆိုလျှင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံခန့်ရှိမည်ဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်းတို့အနေဖြင့် ယူကရိန်းနိုင်ငံကိုစစ်ရေးဆိုင်ရာ အကူအညီ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ ထပ်မံကူညီပေးသွားမည်ဖြစ်ကြောင်း ယခုနှစ် ဇန်နဝါရီလအစောပိုင်းက ထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်သည် ၂၀၂၂ ခုနှစ်တွင် ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ပံ့ပိုးကူညီခဲ့သည်။ ၎င်းအကူအညီများအနက် ထက်ဝက်ခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉ ဘီလီယံခန့်ကို စစ်ရေးဆိုင်ရာအတွက် အသုံးပြုခဲ့သည်။ အမေရိကန်၏ အကူအညီကို ကာလရှည်ကြာလက်ခံရရှိနေသော အစ္စရေးနိုင်ငံသည်ပင်လျှင် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံသာ လက်ခံရရှိခဲ့သည်။

အမေရိကန်သည် ၂၀၂၂ ခုနှစ်တွင် စစ်ရေးဆိုင်ရာမဟုတ်သော အကူအညီများဖြစ်သည့် ဆေးဝါးစောင့်ရှောက်မှုနှင့်စားနပ်ရိက္ခာတို့အတွက် ယူကရိန်းနိုင်ငံကို အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံ ပံ့ပိုးကူညီခဲ့သည်။ အမေရိကန်သည် ၂၀၂၀ ခုနှစ်အတွင်းက ယူကရိန်းနိုင်ငံကို အမေရိကန်ဒေါ်လာ ၃၄၃ သန်းသာကူညီခဲ့သည်။ ထိုပမာဏတွင် စစ်ရေးအပြင် စီးပွားရေးဆိုင်ရာအထောက်အပံ့များလည်း ပါဝင်သည်။

**ယူကရိန်းကိုအကူအညီပေးလိုသော အမေရိကန်များ**

ဥရောပဒေသရှိ အနောက်အုပ်စုများ၏ မဟာမိတ်များ၊ အထူးသဖြင့် ယူကရိန်းနှင့်နယ်မြေထိစပ်နေသော ပိုလန်နိုင်ငံသည် ယူကရိန်းစစ်ပွဲကို နိုင်ငံတကာနိုင်ငံရေးနှင့်အဖွဲ့အစည်းတို့အပေါ် ခြိမ်းခြောက်မှုအဖြစ်ရှုမြင်လာသည်။ ဆိုရလျှင် တတိယကမ္ဘာစစ်ကိုတားမြစ်ရန် ဒုတိယကမ္ဘာစစ်အပြီးဖွဲ့စည်းထားသော ကုလသမဂ္ဂကိုပင်လျှင်ခြိမ်းခြောက်လာပြီဟုရှုမြင်ထားသည်။ အမေရိကန်ပြည်သူများအနေဖြင့် ဥရောပဒေသမှပြည်သူများကဲ့သို့ စစ်ပွဲ၏ခြိမ်းခြောက်မှုကို ရင်ဆိုင်သွားမည်မဟုတ်ချေ။ သို့သော် အမေရိကန်အများစုသည် ယူကရိန်းနိုင်ငံက ရုရှားနိုင်ငံကို တိုက်ခိုက်ရာတွင် ဆက်လက်ကူညီသွားရန်ဆန္ဒရှိနေကြောင်း သိရသည်။

**ရေရှည်ကူညီနိုင်ပါ့မလား**

ယူကရိန်းစစ်ပွဲတွင် အမေရိကန်နှင့် NATO အဖွဲ့တို့၏ကူညီမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေရှည်အကျိုးသက်ရောက်မှုမှာ မသေချာမရေရာပင်ဖြစ်သည်။ အမေရိကန်၏ ထောက်လှမ်းရေးသတင်းအချက်အလက်ကူညီမှု၊ အဆင့်မြင့်လက်နက်စနစ်များသည် ရုရှားနိုင်ငံကို တိုက်ခိုက်ရာတွင် အထောက်အပံ့ဖြစ်စေသော်လည်း ယူကရိန်းတို့အနေဖြင့် ကျွမ်းကျင်မှု၊ သတ္တိ၊ ဇွဲတို့နှင့် ခံနိုင်ရည်တို့မရှိလျှင် အောင်မြင်မှုရရှိနိုင်မည်မဟုတ်ချေ။ ယူကရိန်းကို ပေးအပ်နေသော အမေရိကန်၏ အကူအညီများသည် ရေရှည်တွင် မသေချာမရေရာဖြစ်လာမည်မှာ အသေအချာပင်ဖြစ်သည်။ ယူကရိန်းနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း အသုံးပြုရန်အတွက် အမေရိကန်က ကူညီရန်ကတိပြုထားသော အကူအညီသည် ၂၀၃၀ ပြည့်နှစ်ထိ ရောက်ရှိနိုင်မည်မဟုတ်ချေ။

အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များသည် ယူကရိန်းနိုင်ငံသို့ တင့်ကားများနှင့်အခြားလက်နက်များပေးပို့ကူညီလျက်ရှိသော်လည်း အချို့သောလက်နက်များသည် လာမည့်နှစ်များထိရောက်ရှိနိုင်ဦးမည်မဟုတ်ချေ။ အမေရိကန်အနေဖြင့် စစ်ပွဲပြီးဆုံးသွားလျှင် ယူကရိန်းစစ်ဘက်ပြန်လည်တည်ဆောက်ရေးအတွက်လည်း အကူအညီပေးသွားရန် အစီအစဉ်ရေးဆွဲထားရှိသည်။ သို့သော် စစ်ဘက်ဆိုင်ရာအကူအညီများပေးအပ်ခြင်းသည် အလုံးစုံပျက်သုဉ်းစေသည့်စစ်ပွဲကိုသာ အရှိန်မြင့်တက်လာစေမည်ဖြစ်သည်။ စင်စစ်အားဖြင့် ခေတ်မီလက်နက်များသည် စစ်ပွဲကို အဆုံးသတ်နိုင်မည်မဟုတ်ချေ။ နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုနှင့် သံခင်းတမန်ခင်းဆိုင်ရာကြိုးပမ်းမှုများသည်သာလျှင် ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို ထိန်းသိမ်းရာတွင်အထောက်အကူဖြစ်ပေမည်ဖြစ်သည်။ ဆိုရလျှင် အမေရိကန်သည် ငွေကြေးနှင့် စစ်လက်နက်ပစ္စည်းများပုံအော၍ ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီလျက်ရှိသော်လည်း ယူကရိန်းပြည်သူများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများဖြင့်သာ ရင်ဆိုင်ရလျက်ရှိပေသည်။

**ကိုးကား**

- The Staggering Cost of US Support for Ukraine by Asia Times.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ပေါင် ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ထန်းပင်ချောင်ကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအောင်ဝေထွန်း၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဖူးပွင့်ခိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ထန်းပင်ချောင်ကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က လုပ်ငန်းများနှင့်ပတ်သက်၍ အချိန်မီပြီးစီးရေးမှာကြားခဲ့ကြောင်း သိရသည်။

ထန်းပင်ချောင်ကြီးကျေးရွာ၌ လမ်းအရှည်ပေ ၁၀၅၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေရှိ ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၁ သန်းအသုံးပြု၍ ဖြိုးဆောက်လုပ်ရေးကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ထန်းပင်ချောင်ကြီးကျေးရွာရှိ အိမ်ခြေ ၇၈၈ အိမ်၊ လူ ၅၂၄၇ ဦးတို့၏ လယ်ယာဧက ၉၀၀ မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဖူးပွင့်ခိုင်က ပြောပြ၍ သိရသည်။ **သုတ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကာစ၌ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ် နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေဖြန့်ဝေပေးသွားမည်



**ပွင့်ဖြူ ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဖေဖော်ဝါရီ ၁၅ ရက်တွင် စိုက်ပျိုးရေ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေ ဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်မှ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် နှစ်စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးရေများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ဧပြီ ၁၅ ရက်ထိ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် ဒေသခံတောင်သူတွေကို စိုက်ပျိုးရေဖြန့်ဝေပေးရာမှာ မဲဇလီရေလွှဲဆည်က ဆည်ရေတွေကို တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီးတို့ကနေတစ်ဆင့် နွေစပါး၊ နွေနှမ်းနဲ့ အခြားနွေသီးနှံတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေဖြန့်ဝေပေးမှုနဲ့ပတ်သက်ပြီး လယ်ယာလုပ်ငန်းခွင် ကြိုတင်ပြင်ဆင်နိုင်ဖို့၊ စိုက်ပျိုးရေကို အကျိုးရှိရှိ သုံးစွဲကြဖို့နဲ့ စိုက်ပျိုးရေ ရယူသုံးစွဲရာမှာ ဆင်ခြင်သတိပြုရမဲ့အချက်တွေကို တောင်သူတွေ သိရှိစေဖို့အတွက် အသိပေးဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒီနှစ်က နွေစပါးအတွက် တောင်မုန်းမြောင်းမကြီးက တစ်ဆင့် ဖြန့်ဝေပေးသွားမှာဖြစ်ပြီး နွေနှမ်းနဲ့ အခြားနွေသီးနှံအတွက်က မြောက်မုန်းမြောင်းမကြီးက တစ်ဆင့် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု ဦးရဲထွဋ်အောင်က ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေစပါး ၂၉၅၄၈ ဧက၊ မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေနှမ်း ၂၇၁၉၃ ဧကနှင့် အခြားနွေသီးနှံ ၃၆၈၇ ဧက စိုက်ပျိုးရန် လျာထားကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း စစ်ဆေး

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မရဲ့အုန်းပင်စုကျေးရွာအုပ်စု မရဲ့အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်မြေသားလမ်း သဲ + ကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသက်မင်းထွန်း၊ လပွတ္တာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများကို ရတနာပစ်တိုင်းထောင်ကုမ္ပဏီမှ တာဝန်ရှိသူများက ကုန်ထုတ်မြေသားလမ်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသက်မင်းထွန်းက ကုမ္ပဏီမှတာဝန်ရှိသူများအား လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မရဲ့အုန်းပင်စုကျေးရွာ၌ အရှည် ၁ မိုင် ၂ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မ ကုန်ထုတ်မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၉ ဒသမ ၅၀ သန်းဖြင့် ရတနာပစ်တိုင်းထောင်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**တေဇလင်း**

# အမေရိကန်အရှေ့မြောက်ဘက်ပိုင်းတွင် လေပြင်းတိုက်ခတ်မှုနှင့် အအေးဓာတ်လွန်ကဲမှုဖြစ်ပွား



**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

အမေရိကန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းပြည်နယ်များတွင် ဖေဖော်ဝါရီ ၄ ရက်က လေပြင်းတိုက်ခတ်မှုနှင့် အအေးဓာတ်လွန်ကဲမှုဖြစ်ပေါ်လျက်ရှိကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အအေးဓာတ်လွန်ကဲမှုအခြေအနေသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အခြေအနေဖြစ်သည့်အတွက် အနွေးဓာတ်ရသည့်နေရာများ၌သာ နေထိုင်သွားရန် လိုအပ်ကြောင်း၊ အအေးဓာတ်လွန်ကဲမှုဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသောနေရာမှာ မက်ဆာချူးဆက်ပြည်နယ်ဖြစ်ပြီး ဆီးနှင်းများလည်း ထူထပ်စွာကျဆင်းလျက်ရှိသည်ဟု အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အအေးဓာတ်လွန်ကဲမှုပမာဏမှာ အနုတ် ၄၄ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနေပြီး လေတိုက်နှုန်းမှာလည်း တစ်နာရီမိုင် ၁၀၀ နှုန်းထိရောက်ရှိနေကာ စံချိန်တင်အအေးဓာတ်နှင့် စံချိန်တင်လေတိုက်နှုန်းဖြစ်ကြောင်း၊ လေတိုက်နှုန်းပြင်းထန်သည့်အတွက် သစ်ပင်ကြီးတချို့လဲကျမှုဖြစ်ပေါ်ခဲ့ပြီး ခရီးသည်တင်မော်တော်ယာဉ်တစ်စီးယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် ကလေးငယ်တစ်ဦးသေဆုံးခဲ့သလို ယာဉ်မောင်းမှာလည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့ရာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း မက်ဆာချူးဆက်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းကအတည်ပြုခဲ့သည်။

မက်ဆာချူးဆက်ပြည်နယ် ဘော့စတွန်မြို့တွင် ဖေဖော်ဝါရီ ၃ ရက်က စတင်၍ အအေးဓာတ်လွန်ကဲပြီး ဖေဖော်ဝါရီ ၄ ရက်တွင် စံချိန်တင် အအေးဓာတ်လွန်ကဲမှုဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ **နိုင်းဆက်**

# ပါကစ္စတန်ရေဘေးသင့်ပြည်သူများအတွက် ရူပီးသန်း ၇၀၀ ဖိုးရှိ ဆောင်းရာသီသုံးပစ္စည်းများဖြန့်ဝေ

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၅**

ပါကစ္စတန်နိုင်ငံ ရေဘေးဒဏ်ခံခဲ့ရသောဒေသများမှ ပြည်သူ ၁၅၀၀၀၀ အတွက် ရူပီးသန်း ၇၀၀ တန်ဖိုးရှိ ဆောင်းရာသီသုံးပစ္စည်းများကိုဖြန့်ဝေခဲ့ကြောင်း ပါကစ္စတန်အခြေစိုက် Alkhidmat ဖောင်ဒေးရှင်းက ယနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်ဟု The News International သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း ရေလွှမ်းမိုးမှုကြောင့် ဒုက္ခရောက်လျက်ရှိသော ပြည်နယ်များမှ ပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးသည့်အနေဖြင့် ပါကစ္စတန်အခြေစိုက် လူမှုရေးဖောင်ဒေးရှင်း တစ်ခုဖြစ်သော Alkhidmat ဖောင်ဒေးရှင်းက ရူပီးသန်း ၇၀၀ ဖိုးရှိ စောင်များ၊ အနွေးထည်များ၊ အကျီများ၊ လက်အိတ်များနှင့်အနွေးခြေအိတ်များပါဝင်သော အနွေးထုပ်များကို ဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




အဆိုပါဒေသများရှိ ကလေးငယ်များအနေဖြင့် အအေးမိရောဂါဖြစ်ပွားမှု သိသိသာသာမြင့်တက်လာသည့်အပြင် အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများကြားတွင် ကူးစက်ရောဂါများဖြစ်ပွားမည်ကို စိုးရိမ်နေရကြောင်း ဖောင်ဒေးရှင်းဥက္ကဋ္ဌဖြစ်သူ Dr Hafeez Ur Rahman က ပြောကြားခဲ့သည်။

Alkhidmat ဖောင်ဒေးရှင်းအနေဖြင့် အဆိုပါပစ္စည်းများကို ပါကစ္စတန်နိုင်ငံနှင့် ပြည်ပရှိ ပရဟိတအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကို လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ဒေသတွင် နေထိုင်ကြသော ပြည်သူများ အအေးမိဖျားနာခြင်းမှ ကာကွယ်ရန်ရည်ရွယ်ကြောင်း Rahman က ဆက်လက်ပြောကြားခဲ့သည်။

လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအနေဖြင့် ရေဘေးသင့်ပြည်သူများကို ၎င်းတို့ဖောင်ဒေးရှင်းမှတစ်ဆင့်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ ပံ့ပိုးကူညီမှုများပြုလုပ်ကြရန် တိုက်တွန်းခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ AZH

# အော့ကလန်မြို့နှင့် အနီးပတ်ဝန်းကျင် ရေဘေးသင့်ဧရိယာများတွင် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရန် အစိုးရက နယူးဇီလန်ဒေါ်လာ ၇၀၀၀၀၀ ခွင့်ပြု

**ဝယ်လင်တန် ဖေဖော်ဝါရီ ၅**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့နှင့် အနီးပတ်ဝန်းကျင်မြို့များတွင် ပြီးခဲ့သောရက်သတ္တပတ်က ရေကြီးရေလျှံမှုသည် ရက်သတ္တတစ်ပတ်ကျော်ထိ ဖြစ်ပေါ်ခဲ့ပြီးနောက် အခြေအနေတည်ငြိမ်လာကာ ဖေဖော်ဝါရီ ၄ ရက်က ရေဘေးသင့်ဧရိယာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် အော့ကလန်အာဏာပိုင်အဖွဲ့အစည်းကို နယူးဇီလန်အစိုးရအဖွဲ့က နယူးဇီလန်ဒေါ်လာ ၇၀၀၀၀၀ ခွင့်ပြုပေးခဲ့ကြောင်း NZ Radio သတင်းဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယူးဇီလန်နိုင်ငံ မြောက်ဘက်ပိုင်းဒေသများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စံချိန်တင်မိုးရေချိန်မြင့်တက်ခဲ့ပြီး ဆိုးရွားသည့်ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ရေကြီးရေလျှံမှုအခြေအနေတည်ငြိမ်သွားပြီဖြစ်တဲ့အတွက် ပထမဆုံးလုပ်ဆောင်ရမဲ့ အစီအစဉ်ကတော့ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုကြောင့် ပျက်စီးခဲ့တဲ့အရာတွေကို ရှင်းလင်းပေးသွားဖို့ပါပဲ။ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့လဲ သက်ဆိုင်ရာဒေသအလိုက်အာဏာပိုင်အဖွဲ့အစည်းကို ညွှန်ကြားထားပါတယ်။ ရှင်းလင်းရေးလုပ်ငန်းတွေဆောင်ရွက်ပြီးမှ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နယူးဇီလန်အစိုးရအဖွဲ့အနေနဲ့ ရေဘေးသင့်ပြည်သူတွေအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ ဘတ်ဂျက်ငွေအလုံအလောက်သုံးစွဲသွားမှာလဲ ဖြစ်ပါတယ်"ဟု နယူးဇီလန်ဝန်ကြီးချုပ်ခရစ်ဟစ်ကင်ကပြောကြားသည်။

ရေကြီးရေလျှံမှုဖြစ်ပွားသည့်ကာလအတွင်း သေဆုံးသူလေးဦးရှိခဲ့ပြီး နေအိမ်တချို့နှင့် စီးပွားရေးအခြေခံအဆောက်အအုံတချို့အပြင် စိုက်ခင်းအမြောက်အမြားလည်းပျက်စီးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုအခြေအနေတည်ငြိမ်သွားပြီဖြစ်သည့်အတွက် နယူးဇီလန်အစိုးရအဖွဲ့က သက်ဆိုင်ရာဒေသအလိုက်မှ အာဏာပိုင်အဖွဲ့အစည်းကို ဒေသခံများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

# အာရပ်စော်ဘွားများပြည်ထောင်စု၊ အိန္ဒိယနှင့် ပြင်သစ်တို့က ဇီဝမျိုးစုံမျိုးကွဲများကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

**နယူးဒေလီ ဖေဖော်ဝါရီ ၅**

အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အိန္ဒိယနှင့် ပြင်သစ်တို့က နေရောင်ခြည်နှင့် ချူကလီးယားအရင်းအမြစ်များမှ စွမ်းအင်ထုတ်လုပ်မည့်စီမံကိန်းများ၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်နှင့် အထူးသဖြင့် အိန္ဒိယသမုဒ္ဒရာဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖေဖော်ဝါရီ ၄ ရက်က သဘောတူခဲ့ကြကြောင်း အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနသတင်းများကိုကိုးကား၍ ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုကို အာရပ်စော်ဘွားများ ပြည်ထောင်စုဦးဆောင်သော The Mangrove Alliance for Climate အဖွဲ့နှင့် အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့ဦးဆောင်သော The Indo-Pacific Parks Partnership အဖွဲ့ကဲ့သို့ ရာသီဥတုဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့်ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသုံးနိုင်ငံအနေဖြင့် တစ်ခါသုံးပလတ်စတစ်ညစ်ညမ်းမှု၊ သဲကန္တာရများအကြောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေးကိစ္စရပ်များတွင် အဓိက အာရုံစိုက်ဖြေရှင်းရန် သဘောတူခဲ့ကြပြီး အိန္ဒိယသမုဒ္ဒရာဒေသအတွင်း သန့်ရှင်းသောစွမ်းအင်၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ စီမံကိန်းများကို ဆက်လက်ဆောင်ရွက်ရန် အိန္ဒိယသမုဒ္ဒရာကမ်းရိုးတန်းအသင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့အစည်းသည် တောင်အာဖရိက၊ အိန္ဒိယ၊ မောရစ်သျှ၊ သြစတြေးလျ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ မလေးရှား၊ တန်ဇန်းနီးယားနှင့် အခြားနိုင်ငံအချို့မှ အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပညာရှင်များပါဝင်သည်ဟု ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ သုံးနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး ၂၀၁၅ ပါရီသဘောတူညီချက်၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သွားမည့်အပြင် ကာဗွန်နည်းပါးသောအနာဂတ်အတွက် လိုအပ်သော လုပ်ဆောင်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ AZH

# ချီလီနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် တောမီးကြောင့် လူ ၁၃ ဦးထက်မနည်းသေဆုံး

**ဆန်တီယာဂို ဖေဖော်ဝါရီ ၅**

ချီလီနိုင်ငံ အလယ်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင် ဖေဖော်ဝါရီ ၁ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး အဆိုပါ တောမီး နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံ ၁၃ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBC သတင်းဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးသည် ဆန်တာဂျူအန်နာမြို့တွင် အဓိကကူးစက်လောင်ကျွမ်းနေခြင်းဖြစ်ပြီး သေဆုံးသူများမှာလည်း ဆန်တာဂျူအန်နာမြို့ခံများဖြစ်ကြောင်း၊ သေဆုံးသူများထဲတွင် တောမီးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသည့် မီးသတ်တပ်ဖွဲ့ဝင်တချို့လည်းပါဝင်ခဲ့ကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ဒါပေမဲ့ အပူလှိုင်းဖြတ်သန်းနေတဲ့အတွက် တောမီးထိန်းချုပ်နိုင်ဖို့ ခက်ခဲအုံးမယ်။ တောမီးလောင်ကျွမ်းမှုကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးသွားခဲ့ပြီး အိမ်ခြေ ၃၉ လုံး လောင်ကျွမ်းပျက်စီးခဲ့တယ်။ ရဟတ်ယာဉ်တစ်စီးလဲ ပျက်ကျခဲ့တယ်။ တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီတွေ ထပ်မံစေလွှတ်သွားမှာလဲဖြစ်ပါတယ်"ဟု ချီလီပြည်ထဲရေးဝန်ကြီး ကာရိုလိုင်းတိုဟာက ပြောကြားခဲ့သည်။

တောမီးထိန်းချုပ်ပေးနိုင်ရန် လေကြောင်း အကူအညီပေးနေသည့် ရဟတ်ယာဉ်တစ်စီးသည် လာအရှုကာနီယာနယ်မြေတွင်ပျက်ကျခဲ့ပြီး လိုက်ပါလာသည့် မီးသတ်တပ်ဖွဲ့ဝင်တချို့ သေဆုံးခဲ့ကြောင်း ချီလီသစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေ ၃၉ လုံးလောင်ကျွမ်းပျက်စီးခဲ့ပြီး ဒေသခံအမြောက်အမြားဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကာ တောမီးအရှိန်ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း ချီလီ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

ပေါက်ပေါက်

# ခန္ဓာကိုယ်ပိန်လှီသူများ ဝလာစေမည့် နည်းလမ်းအသွယ်သွယ်

လူအများစုက ခန္ဓာကိုယ်ဝနေလို့ ပိန်ချင်ကြပေမဲ့ လူနည်းစုကတော့ ဘယ်လောက်စားစား ဝိတ်တက်မလာဘဲ ပိန်မြဲတမ်းသာပိန်လို့ စိတ်ညစ်နေကြရပါတယ်။ မိမိလက်ရှိ အသက်အရွယ်၊ အရပ်အနိမ့်အမြင့်နဲ့ကိုက်ညီတဲ့ ကိုယ်အလေးချိန်ရှိမှသာ ကျန်းမာသူလို့ ဆိုနိုင်မှာဖြစ်ပါတယ်။ ပိန်လှီသူတွေ ဝလာအောင် လုပ်တာကလဲ ဝနေသူတွေ ကိုယ်အလေးချိန်နဲ့ အဆီပိုတွေ လျော့ကျသွားအောင်လုပ်ရသလို လွန်စွာခက်ခဲပါတယ်။

**ခန္ဓာကိုယ်ပိန်လှီရသော အကြောင်းရင်း**

ပြည့်စုံလုံလောက်တဲ့ အစားအစာမမှီဝဲတာ၊ စားသောက်မှုပုံစံမမှန်တာ၊ တစ်ကြိမ်နဲ့တစ်ကြိမ် အစာစားချိန်ဝေးကွာလွန်းတာ၊ အာဟာရပြည့်ဝစေတဲ့ အစားအစာကို မရွေးချယ်တတ်တာတွေက လူကို ပိန်စေနိုင်သလို နာတာရှည်နေမကောင်းဖြစ်တာ၊ အဆုတ်ရောဂါကူးစက်ဝေဒနာဖြစ်တာ၊ ခံတွင်းပျက်တာ၊ နာတာရှည်အအိပ်ပျက်တာ၊ ကင်ဆာရောဂါဖြစ်တာ၊ ဟော်မုန်းမညီမျှတာ၊ ဟိုက်ပါသိုင်း၅ိုက်ရောဂါဖြစ်တာစတဲ့ရောဂါဆိုးတွေကြောင့်လဲ လူကိုပိန်စေပါတယ်။

**ပိန်လှီခြင်း၏ ဘေးထွက်ဆိုးကျိုး**

ကမ္ဘာ့ကျန်းမာရေးသုတေသီတွေရဲ့ ကောက်ခံခဲ့တဲ့ စာရင်းဇယားတွေအရ အလေးချိန် အတိုး၊ အလျော့များတဲ့သူတွေဟာ အသက်တိုတောင်းကြတာတွေ့ရပါတယ်။ အလေးချိန်ကို ထိန်းထားနိုင်သူတွေနဲ့နှိုင်းယှဉ်ရင် ၁၀ နှစ်အတွင်း အလေးချိန် ၁၁ ပေါင် ဒါမှမဟုတ် ဒီထက်ပိုပြီး အလေးချိန်ကျသွားသူတွေက ၅၇ ရာခိုင်နှုန်း သေဆုံးဖို့ ပိုများနေတာကို တွေ့ရပါတယ်။ ၁၀ နှစ်တာကာလအတွင်းမှာ အလေးချိန် ၁၁ ပေါင် ဒါမှမဟုတ် ဒီထက်ပိုပြီး အလေးချိန်တက်လာသူတွေကတော့ ကိုယ်အလေးချိန် ပုံမှန်ထိန်းထားနိုင်သူတွေထက် ၃၆ ရာခိုင်နှုန်း သေဆုံးဖို့များပါတယ်။ ပိန်လွန်းတာဟာ ဝလွန်းတာထက်တောင် အန္တရာယ်ပိုရှိတယ်ဆိုတာ အခုခေတ် သိပ္ပံပညာစမ်းသပ်ချက်တွေအရ သိနေရပါပြီ။

အချို့လူငယ်ပိုင်းတွေက ပိန်တာကို ဖက်ရှင်လိုဖြစ်နေကြပြီး ပိုပိန်လေ ပိုကောင်းလေလို့ ယူဆနေကြပါတယ်။ သုတေသနပြုချက်တွေအရ ကိုယ်အလေးချိန်ကျဆင်းလွန်းနေတာကလဲ အန္တရာယ်များပါတယ်။ အဲဒီတွေ့ရှိချက်တွေဟာ ပိန်မှလှတယ်လို့ ထင်မှတ်နေတဲ့ မိန်းမငယ်တွေ၊ ကိုယ်အလေးချိန်လျှော့ချဖို့ အစားအစာတွေကို ပိုင်းစိတ်ပြီးလျှော့စားသူတွေ သတိထားရမဲ့အချက်တွေဖြစ်ပါတယ်။

**ပိန်သူတွေ ဝလာစေမည့် နည်းလမ်းအသွယ်သွယ်**

- ပျမ်းမျှအားဖြင့် အရွယ်ရောက်ပြီးသူ အမျိုးသားတစ်ယောက်အတွက် တစ်နေ့တာ ကယ်လိုရီလိုအပ်ချက်မှာ ၂၂၀၀ ဖြစ်ပြီး အရွယ်ရောက်ပြီးသူ အမျိုးသမီးတစ်ယောက်အတွက် တစ်နေ့တာ ကယ်လိုရီလိုအပ်ချက်မှာ ၁၉၀၀ ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်အတိုင်း ကယ်လိုရီပြည့်မီစွာ စားသုံးနိုင်မှသာ ရက်သတ္တတစ်ပတ်ကို ကိုယ်အလေးချိန် ကီလိုဝက်(၁/၂ ကီလို) တက်လာစေမှာပါ။
- အစားများများစားပါ။ ထမင်း နံနက်စာ၊ နေ့လယ်စာ၊ ညစာ သုံးနပ်စလုံးကို ပြည့်ပြည့်ဝဝစားပါ။ အကယ်၍ တစ်ထိုင်တည်း အပြည့်အဝမစားနိုင်ရင် အဲဒီသုံးနပ်စာနဲ့ ညီမျှတဲ့ပမာဏရအောင် တစ်နေ့ကို ငါးကြိမ်ပြည့်အောင် စားပေးပါ။
- ကြွက်သားတွေ ကောင်းစွာတည်ဆောက်နိုင်ဖို့ ပရိုတင်းနဲ့ ကစီဓာတ်တွေ မရှိမဖြစ်လိုအပ်ပါတယ်။ ပရိုတင်းဓာတ်ကြွယ်ဝတဲ့ အစားအစာတွေဖြစ်ကြတဲ့ နို့နဲ့ နို့ထွက်ပစ္စည်းတွေ၊ ငါး၊ အသား၊ ပေါင်မုန့်၊ သန့်ရှင်းလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေ၊ မြေပဲ၊ ပဲပိစပ်နဲ့ ပဲအမျိုးမျိုး၊ ပဲသီး၊ ကြက်သား၊ အမဲသားတို့ကို စားပေးပါ။ ကစီဓာတ်ကြွယ်ဝတဲ့ အာလူး၊ ဆန်၊ ပီလောပီနံစားပါ။
- သရေစာ များများစားပါ။ ဒါပေမဲ့ သကြားလုံး၊ အာလူးကြွပ်ကြော်တို့လို အာဟာရတန်ဖိုးနည်းပါးတဲ့ သရေစာမျိုးကို ရှောင်ပါ။ ကျန်းမာရေးနဲ့ကိုက်ညီပြီး ကယ်လိုရီပြည့်ဝတဲ့ သရေစာတွေဖြစ်ကြတဲ့ သစ်သီးခြောက်၊ ချိစ်နဲ့လုပ်ထားတဲ့မုန့်တွေ၊ ဂျုံစေ့ကျို၊ ဂျုံမုန့်အမျိုးမျိုး၊ ဆန်မုန့်အမျိုးမျိုး၊ ပဲနို့ရည်၊ ဒိန်ချဉ်၊ အုန်းနို့၊ ကန်စွန်းဥပြုတ်၊ ပြောင်းဖူးပြုတ်၊ ငှက်ပျောသီး စားပေးပါ။
- အာဟာရနဲ့ ကယ်လိုရီအပြည့်အဝပါတဲ့ အရည်တွေဖြစ်ကြတဲ့ ဆိတ်နို့၊ ကျွဲနို့၊ နွားနို့ သောက်ပါ။ လတ်ဆတ်တဲ့ သစ်သီးဖျော်ရည်တွေသောက်ပါ။
- ထမင်းမစားမီ ဆေးလိပ်သောက်တာက ထမင်းစားပျက်စေလို့ ဖြစ်နိုင်ရင် ဆေးလိပ်မသောက်ပါနဲ့ (ဆေးလိပ်ဖြတ်ပါ)။
- ကြွက်သားတက်လာအောင် ပေါ့ပေါ့ပါးပါး လေ့ကျင့်ခန်းတွေဖြစ်ကြတဲ့ Squats၊ Deadlifts၊ Bench Presses၊ Barbell Rows၊ Pull-ups နဲ့ Bar Dips တွေ ပြုလုပ်ပေးပါ။

❖ သံပရာသီးက လူကို ပိန်စေတယ်လို့ သာမန်အားဖြင့် သိထားကြပေမဲ့ အမှန်စင်စစ် သံပရာသီးဟာ ပိန်ဆေးအတွက်ကော ဝဆေးအတွက်ပါ အသုံးပြုနိုင်ပါတယ်။ အသုံးပြုပုံပြုနည်းသာ ကွာခြားသွားပါတယ်။ ဦးစွာ သံပရာသီးတစ်လုံးကို ရေနွေးခွက်ထဲကို အရည်ညှစ်လိုက်ပါ။ ပြီးရင် ပျားရည်ထမင်းစားဇွန်း သုံးဇွန်းလောက်ထည့်ပါ။ ရေနွေးထည့်လိုက်ပြီး သမအောင်မွှေလိုက်ပါ။ အဖုံးအုပ်ပြီးနှပ်ထားပါ။ နာရီဝက်လောက်အကြာ အဲဒီသံပရာပျားရည်ကို သောက်ပါ။ သံပရာရည်က လေနိုင်သလို အစာကိုလဲ ကြေစေပါတယ်။ ❖

- စက်ကြီးတွေကိုမသုံးဘဲ Dumbbells ခေါ် လက်ဖျံကြွက်သားကြီးအောင် လေ့ကျင့်တဲ့ အားကစားကိရိယာနဲ့ လေ့ကျင့်တာက သင့်တော်ကောင်းမွန်ဆုံးပါပဲ။
- နှစ်ခြိုက်စွာအိပ်ပျော်နေစဉ်မှာ ခန္ဓာကိုယ်ကြွက်သားတွေ ကောင်းစွာတည်ဆောက်စေပါတယ်။ ဒါကြောင့် ၈ နာရီ ဒါမှမဟုတ် ၉ နာရီကြာအောင် အိပ်ရေးဝဝအိပ်စက်ပါ။ အကယ်လို့ ၆ နာရီ ဒါမှမဟုတ် အဲဒီထက်လျော့နည်းစွာ အိပ်စက်တာက ပိန်လှီသူတွေကို ကိုယ်အလေးချိန်တိုးမလာစေတော့ဘဲ စားသမျှအာဟာရတွေနဲ့ လုပ်သမျှလေ့ကျင့်ခန်းတွေကိုပါ အချည်းနှီးဖြစ်စေပါလိမ့်မယ်။
- အချို့အားကစားသမားတွေက သက်လုံကောင်းစေဖို့နဲ့ ကိုယ်အလေးချိန်တက်လာစေဖို့ Creatine ဖြည့်စွက်ဆေးကို သောက်သုံးမှီဝဲလေ့ရှိပါတယ်။ ဒါပေမဲ့ ကိုယ်အလေးချိန် တက်လိုသူတွေအနေနဲ့ Creatine ဆေးကို သောက်သုံးလိုပါက ဦးစွာ ဆရာဝန်နဲ့ ဆွေးနွေးတိုင်ပင်စမ်းသပ်ပြီး သောက်ပါ။
- ကိုယ်အလေးချိန်တက်လာအောင် ကြိုးစားပြုမူခြင်းကလဲ အချိန်တိုတွင်း တစ်မုဟုတ်ချင်း ပြောင်းလဲသွားတာမျိုးမဟုတ်ဘဲ ရေရှည်လေ့ကျင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် စိတ်ရှည်သည်းခံမှုရှိပါ။ မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှသာ လိုရာပန်းတိုင်ကို ရောက်ရှိစေမှာဖြစ်လို့ မိမိသတ်မှတ်ထားတဲ့ ကိုယ်အလေးချိန်မရောက်မချင်း သင့်တင့်လျောက်ပတ်တဲ့ လေ့ကျင့်ခန်း၊ ခွန်အားပြည့် ဖြည့်စွက်စာတွေနဲ့ ဇွဲမလျှော့ဘဲ ထိန်းသိမ်းပါ။
- သံပရာသီးက လူကို ပိန်စေတယ်လို့ သာမန်အားဖြင့် သိထားကြပေမဲ့ အမှန်စင်စစ် သံပရာသီးဟာ ပိန်ဆေးအတွက်ကော ဝဆေးအတွက်ပါ အသုံးပြုနိုင်ပါတယ်။ အသုံးပြုပုံပြုနည်းသာ ကွာခြားသွားပါတယ်။ ဦးစွာ သံပရာသီးတစ်လုံးကို ရေနွေးခွက်ထဲကို အရည်ညှစ်လိုက်ပါ။ ပြီးရင် ပျားရည်ထမင်းစားဇွန်း သုံးဇွန်းလောက်ထည့်ပါ။ ရေနွေးထည့်လိုက်ပြီး သမအောင်မွှေလိုက်ပါ။ အဖုံးအုပ်ပြီးနှပ်ထားပါ။ နာရီဝက်လောက်အကြာ အဲဒီသံပရာပျားရည်ကို သောက်ပါ။ သံပရာရည်က လေနိုင်သလို အစာကိုလဲ ကြေစေပါတယ်။ ပျားရည်က ဝမ်းတွင်းကလီစာတွေကို ဆေးအဖြစ် ကုသပေးနိုင်ပြီး ဆီးနဲ့ဝမ်းကို မှန်စေပါတယ်။ အစာလဲကြေ၊ လေလဲနိုင်၊ ဆီးမှန်၊ ဝမ်းမှန်နေပြီဆိုရင် စားကောင်းအိပ်ပျော်ပြီး ကျန်းမာဝဖြိုးလာစေပါမယ်။ အဲဒီဆေးဖျော်ရည်ကို တစ်နေ့တစ်ခွက် အစာစားပြီးချိန်မှာ သောက်ပေးနိုင်ပါတယ်။ အစာကြေညက်လွယ်ပြီး မကြာခဏ ဗိုက်ဆာလာတတ်ပေမဲ့လဲ သဘာဝဆေးနည်းဖြစ်တဲ့အတွက် ဘေးထွက်ဆိုးကျိုးလဲမရှိပါဘူး။ (သတိပြုဖို့က ပျားရည်သက်တမ်း တစ်နှစ်မကျော်သေးတဲ့ ပျားရည်အသစ်ကိုသုံးရင် ခွန်အားပိုမိုပြည့်ဖြိုးစေပါတယ်)

အချုပ်ဆိုရရင် ခန္ဓာကိုယ်ဝလွန်းတာဟာ ကျန်းမာရေးအတွက် အနှောင့်အယှက်ဖြစ်စေသလို ပိန်လွန်းတာဟာလဲ ကျန်းမာရေးအတွက် အနုတ်လက္ခဏာဆောင်ပါတယ်။ ဒါကြောင့် ကျန်းမာပြီး အသက်ရှည်ရှည်နေချင်ရင် ကိုယ်အလေးချိန် တက်လွန်း၊ ကျလွန်းခြင်းမရှိအောင် ခန္ဓာကိုယ်အလေးချိန်ကို ပုံမှန်ထိန်းထားနိုင်ဖို့လိုပါတယ်။

# စလင်းမြို့နယ် ပန်းပြင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၄၉၂ သန်းအသုံးပြု၍ ပန်းပြင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာများသည် တာဝန်ယူဆောင်ရွက်သည့် တော်ဝင်ထွန်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ထိန်းသိမ်းရန်နှင့် အကျိုးရှိစွာအသုံးချကြရန် ဆွေးနွေးမှာကြားသည်။

စလင်းမြို့နယ် ပန်းပြင်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်း၊ အရှည် ၂၅ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် Pipe Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၄၉၂ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးသဖြင့် ပန်းပြင်ကျေးရွာရှိ အိမ်ခြေ ၁၅၄ အိမ်၊ လူ ၆၆၁ ဦး၊ လယ်ယာမြေဧက ၃၆၀ မှ ထွက်ရှိသော သီးနှံများကို ရာသီမရွေး ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ပြီဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။



**အထွေး**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၄-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၂၃-၁-၂၀၂၃ ရက်နေ့မှ ၂၈-၂-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ မင်္ဂလာဆောင်ပွဲများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ် ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှမာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန် လိပ်စာ

၇၈ လမ်းနှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ

အရေးပါးကားကော်ဖီခရေစစ်စစ်ကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။

ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## စားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်

၁။ ပန်းကန်ဆေး (ကျား၊မ)

၂။ ဝန်ထမ်းများအတွက် ထမင်း/ဟင်းချက် (ကျား၊မ)

အမှတ်စဉ်တိုင်းအတွက် နယ်မှလူများ ဦးစားပေးပြီး နေ/စား စားရိတ်ငြိမ်း စီစဉ်ပေးပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်- လမ်း ၃၀ နှင့် ၆၄ လမ်းထောင့်

Han River စားသောက်ဆိုင်

09-777961955

## ဝန်ထမ်းအလိုရှိသည်

ရှမ်းခေါက်ဆွဲဆိုင်တွင် တာဝန်ထမ်းဆောင်ရန်နှင့်အိမ်အကူ

| | |
|---|---|
| ဆိုင်ဝန်ထမ်း | (၂)ဦး |
| အိမ်အကူ | (၁)ဦး |
| စားရိတ်ငြိမ်း | (၁)သိန်း |
| ခွင့်မယူ၊ ရက်မှန်ကြေး | (၁)သောင်း |

ဦးအောင်မြင့် (ခေါက်ဆွဲဆိုင်)

၂၉ လမ်း၊ ၈၀×၈၁ ကြား၊ မန္တလေး

09-427800001 , 09-444668825

## ဝန်ထမ်းအလိုရှိသည်

စိုးစိုး (Foot Spa ခြေသည်း/လက်သည်းအလှပြင်)

–အမျိုးသမီး (၂)ဦး

-ကျွမ်းကျင်ဝန်ထမ်းဖြစ်ရမည်

-နေစားငြိမ်း

-ဦးပွားဂုံးကျော်အနောက်ဘက်၊ ဗိုလ်အိမ်မီးပွိုင့်အနီး၊ မန္တလေးမြို့။

- 09-441041142, 09-965298804

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

Western Australia Perth မြို့နေ U Renny Mang+(Daw Moe Thu)တို့၏သား Willy Mang နှင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်နေ ဦးမျိုးညွန့် + ဒေါ်အားညီ တို့၏ သမီး မယုသန္တာခိုင် တို့သည် နှစ်ဖက်လူကြီးမိဘရှေ့မှောက်၌ စေ့စပ်ကြောင်း လမ်းပြီးစီးပါကြောင်း။ Willy Mang + မယုသန္တာခိုင်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ပြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်"ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင်ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့်တောင်သူတို့၏လူမှုစီးပွားဘဝမြင့်တင်ရေးဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ တွေ့ဆုံ၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

